ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်၊ တနင်္လာနေ့ (8-11-2010) (၆၅၇၆)

ပြည်ထောင်စုမြန်မာနိုင်ငံတော် ၂၀၁၀ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

နိုင်ငံတစ်ဝန်းရှိ သတ်မှတ်မဲဆန္ဒနယ်အသီးသီး၌ ကျင်းပ

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် မဲရုံသို့လာရောက်ဆန္ဒမဲပေး

နေပြည်တော်   နိုဝင်ဘာ   ၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် ၂၀၁၀ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ယနေ့ နံနက် ၆ နာရီမှ စတင်၍ နိုင်ငံတစ်ဝန်းရှိ သတ်မှတ်မဲဆန္ဒနယ် အသီးသီး၌ တစ်ပြိုင်တည်း ဖွင့်လှစ်ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ခရိုင် ဇေယျာသီရိမြို့နယ် အနော်ရထာရပ်ကွက်၌ ဖွင့်လှစ်ထားသော မဲရုံအမှတ်(၁)သို့ လာရောက်၍ ဆန္ဒမဲပေးကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့ ဆန္ဒမဲပေးကြသည်။

ဆန္ဒမဲပေး

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်တို့ ဆန္ဒမဲပေးကြသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် ဇနီး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ ဆန္ဒမဲပေးကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ◆

ဆန္ဒမဲပေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ နေပြည်တော်ခရိုင် ဇေယျာသီရိမြို့နယ် အနော်ရထာရပ်ကွက်၌ ဖွင့်လှစ်ထားသော မဲရုံအမှတ်(၁)တွင် ဆန္ဒမဲပေးစဉ်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ နေပြည်တော်ခရိုင် ဇေယျာသီရိမြို့နယ် အနော်ရထာရပ်ကွက်၌ ဖွင့်လှစ်ထားသော မဲရုံအမှတ်(၁)တွင် ဆန္ဒမဲပေးကြစဉ်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး	* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြေးမုံ The Mirror

၈-၁၁-၂၀၁၀
(တနင်္လာနေ့)

နေပြည်တော်-ပင်လောင်းလမ်း လိုင်းလီတံတားသစ်ဖွင့်လှစ် တောင်ပေါ်မြေပြန့်ဆက်သွယ်သွားလာမှု မြန်ဆန်သွက်လက်

နေပြည်တော်-ပင်လောင်းလမ်းမှ ပေါင်းလောင်းချောင်းကို ဖြတ်ကျော်တည်ဆောက်ထားသည့် လိုင်းလီတံတားသစ်ကို နိုဝင်ဘာ ၅ ရက်က ဖွင့်လှစ်လိုက်သည်။ ယခင်က တံတားခံနိုင်ဝန် ၁၃ တန်သာရှိသည့် တစ်လမ်းသွား ဘေလီတံတားဟောင်းနေရာတွင် တည်ဆောက်လိုက်သည့် တံတားသစ်ကြီးဖြစ်သည်။ ယာဉ်တစ်စီးချင်း ခံနိုင်ဝန် ၇၅ တန်ရှိပြီး တံတားအရှည် ပေ ၁၇၆၀ ရှိသည်။

ယခင်က နေပြည်တော်မှ ပင်လောင်းမြို့သို့ သွားလိုလျှင် ပျဉ်းမနား-မိတ္ထီလာ-အောင်ပန်း-ပင်လောင်းလမ်းအတိုင်း မိုင် ၂၀၀ ကျော်ခရီးကို ကွေ့ဝိုက်သွားခဲ့ရသည်။ ယခုသော် မိုင် ၇၀ ကျော်ခရီးကို တိုက်ရိုက်သွားလာနိုင်ကြပြီ။

လိုင်းလီတံတားသစ် ဖွင့်လှစ်နိုင်သည့်အတွက် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကယားပြည်နယ်နှင့် နေပြည်တော်တို့အကြား ရာသီမရွေး ဆက်သွယ်သွားလာနိုင်ကြပြီ။ ရန်ကုန်၊ မန္တလေးတိုင်းဒေသကြီးများနှင့် မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ နယ်စပ်ဒေသအသီးသီးသို့ ကုန်စည်များ လျင်မြန်စွာ ပို့ဆောင်ပေးနိုင်ပေတော့မည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ခြောက်စင်းမြောက် ပေ ၁၈၀ အထက် စီမံကိန်းဝင်တံတားကြီး ဖြစ်သည်။ နိုင်ငံတစ်ဝန်း၌ ပေ ၁၈၀ အထက် မြစ်ကူးချောင်းကူးတံတားကြီးများ တိုးချဲ့တည်ဆောက်ပေးလျက်ရှိရာ ၂၄၉ စင်း ရှိနေပြီဖြစ်သည်။

နိုင်ငံတော်အစိုးရက ဖွံ့ဖြိုးတိုးတက်မှု အခြေခံလမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးအတွက် မော်တော်ကားလမ်း၊ ရထားလမ်းကွန်ရက်များနှင့် တံတားများစွာကို ဖောက်လုပ်တည်ဆောက်ပေးနေသည်။ မြစ်ချောင်းတောင်တန်းများခြားနေ၍ အနေနီးလျက် ခရီးဝေးခဲ့ကြရသည်။ ယခုအခါ တိုင်းရင်းသားချင်း ခရီးပေါက် ရောက်ရှိ၍ အနေနီးကာ စည်းလုံးညီညွတ်မှု ပိုမိုခိုင်မာလျက်ရှိသည်။

နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ ညီညွတ်သော စွမ်းအားဖြင့် အနာဂတ်နိုင်ငံတော်သစ်အတွက် အခြေခံကောင်း၊ အခြေအနေကောင်းများကို ဖန်တီးတည်ဆောက်ပေးလျက်ရှိသည်။ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်မှု ရလဒ်ကောင်းများကို တွေ့မြင်နေကြရပြီ။ တိုင်းရင်းသားပြည်သူများ ငြိမ်းချမ်းသာယာမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို ရရှိခံစားနေကြပြီ။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အနာဂတ်နိုင်ငံတော် နိုင်ငံတကာအလယ်တွင် ဂုဏ်သိက္ခာရှိရှိ တည်တံ့ခိုင်မြဲစေရေး ဆက်လက်ကြိုးပမ်းသွားကြရမည် ဖြစ်ပါသည်။ ။

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ယောမင်းကြီးရပ်ကွက် ဗိုလ်ရာညွန့်လမ်းနေ အက်စ်အိုင်ကုမ္ပဏီ၏ အုပ်ချုပ်မှုဒါရိုက်တာ ဒေါက်တာ မြသီတာဆွေတင် ရွှာသာကြီး စိတ်ကျန်းမာရေးဆေးရုံကြီးသို့ တစ်နေ့တာ အာဟာရအပါအဝင် ဆေးဝါးနှင့် ဆေးပဒေသာပင်အတွက် စုစုပေါင်း ငွေကျပ် သိန်း ၂၀ အား နိုဝင်ဘာ ၅ ရက်က လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာထွန်းနေအောင် ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (ကြေးမုံ)

ဝန်ကြီးဌာနပေါင်းစုံ စစ်တုရင်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၇

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပမည့် (၃၆)ကြိမ်မြောက် ဝန်ကြီးဌာနပေါင်းစုံ စစ်တုရင်ပြိုင်ပွဲကို ဒီဇင်ဘာ ၁ ရက်မှ ၁၁ ရက်အထိ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံအားကစားရုံ၌ ကျင်းပမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်လိုသည့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများ၊ လုပ်ငန်းများ၊ စက်ရုံများ၊ တက္ကသိုလ်/ကောလိပ်များမှ စစ်တုရင်အသင်းများသည် နိုဝင်ဘာ ၂၉ ရက်နောက်ဆုံးထား၍ သတင်းပေးပို့ရန်နှင့် ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် အောင်ဆန်းအားကစားပြိုင်ဝင်း မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်ရုံးခန်း၌ ကျင်းပမည့် အသင်းခေါင်းဆောင်များ အစည်းအဝေးသို့ မပျက်မကွက် တက်ရောက်ကြရမည်ဖြစ်သည်။ (စစ်တုရင်အဖွဲ့ချုပ်)

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ရန်ကုန်တိုင်းဒေသကြီး တာဝန်ခံ ဒေါက်တာတင်အောင်အေး ရန်ကုန်တိုင်းဒေသကြီး ခရိုင်(၄)ခရိုင်အတွင်း ပြည်သူများ ဆန္ဒမဲပေးမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၇

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ရန်ကုန်တိုင်းဒေသကြီး တာဝန်ခံ ဒေါက်တာတင်အောင်အေးသည် ယနေ့ နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် ရန်ကုန်တိုင်းဒေသကြီး ခရိုင် (၄)ခရိုင်၌ ကျင်းပသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ၂၀၁၀ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ရန်ကုန်တိုင်းဒေသကြီး တာဝန်ခံ ဒေါက်တာ တင်အောင်အေးသည် ရန်ကုန်တိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲမှ အဖွဲ့ခွဲဝင်များ လိုက်ပါလျက် နံနက် ၈ နာရီခွဲတွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်သို့ ရောက်ရှိပြီး သန်လျင်မြို့နယ် မြို့သစ်ရပ်ကွက် အခြေခံပညာမူလတန်းကျောင်းရှိ မဲရုံ၊ ပဲခူးစုရပ်ကွက် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းရှိ မဲရုံအမှတ် (၁)၊ အမှတ် (၂)နှင့် အမှတ် (၃)၊ နည်းပညာတက္ကသိုလ် (သန်လျင်)ရှိ မဲရုံအမှတ် (၁၉)၊ ပျဉ်ထောင် ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲရှိ မဲရုံ အမှတ် (၁)နှင့် (၂)တို့၌ ပြည်သူများ ဆန္ဒအလျောက် လွတ်လပ်စွာ ဆန္ဒမဲပေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ရန်ကုန်တောင်ပိုင်းခရိုင် မြို့နယ် ၁၀ မြို့နယ်တွင် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၃၇၅ ခုရှိပြီး မဲရုံပေါင်း ၁၇၆၀ ဖွင့်လှစ်ထားသည်။

ယင်းနောက် ဒေါက်တာတင်အောင်အေးသည် ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ်ရှိ မဲရုံများသို့ သွားရောက်၍ မဲဆန္ဒရှင်ပြည်သူများ လွတ်လပ်အေးချမ်းစွာ ဆန္ဒမဲပေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ရန်ကုန်အရှေ့ပိုင်းခရိုင် မြို့နယ် ၁၄ မြို့နယ်တွင် ရပ်ကွက် ၂၇၅ ရပ်ကွက်ရှိပြီး မဲရုံပေါင်း ၂၁၂၁ ရုံ ဖွင့်လှစ်ထားသည်။

ဒေါက်တာတင်အောင်အေးသည် မွန်းလွဲပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်နှင့် လှိုင်သာယာမြို့နယ်တို့ရှိ မဲရုံများ၊ ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ်၊ အလုံမြို့နယ်နှင့် လသာမြို့နယ်တို့ရှိ မဲရုံများသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရန်ကုန်မြောက်ပိုင်းခရိုင် မြို့နယ် ရှစ်မြို့နယ်တွင် မဲရုံပေါင်း ၁၃၆၇ ရုံ၊ ရန်ကုန်အနောက်ပိုင်းခရိုင် မြို့နယ် ၁၃ မြို့နယ်တွင် မဲရုံပေါင်း ၅၆၉ ရုံ ဖွင့်လှစ်ထားသည်။

စနစ်တကျ

ဒေါက်တာ တင်အောင်အေးသည် ညနေပိုင်းတွင် လသာမြို့နယ် အမှတ် (၂) ရပ်ကွက်ရှိ မဲရုံအမှတ်(၁)၊ မဲရုံအမှတ်(၂)နှင့် မဲရုံအမှတ်(၃)တို့၌ စနစ်တကျ ဆန္ဒမဲရေတွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

အောက်တိုဘာ ၂၂ ရက်က တိုက်ခတ်ခဲ့သော ဂီရိဆိုင်ကလုန်းမုန်တိုင်းသင့် မြေပုံမြို့နယ်တရားရုံးမှ ဝန်ထမ်းများအား ရခိုင်ပြည်နယ်တရားသူကြီး ဦးကျောက် နိုဝင်ဘာ ၁ ရက်က ထောက်ပံ့ငွေများ ပေးအပ်စဉ်။ (ကြေးမုံ)

၂၁ ရာစု လုပ်ငန်းခွင်တစ်ခုလုံး၏ ဖြန့်ဖြူးရောင်းချခြင်းဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်း ဖွင့်လှစ်ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၇

Device Business Management Academy က ကြီးမှူး၍ National Council of Physical Distribution Management သင်တန်းကို နိုဝင်ဘာ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ Myanmar Info-Tech ၌ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ကျင်းပမည် ဖြစ်သည်။

အဆိုပါသင်တန်းတွင် ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်နှင့် Device Business Management Academy မှ Managing Director ဆရာ ဦးတင်ဇံကျော်တို့က Case Study များ၊ Work Shop များ၊ Group Presentation များဖြင့် စနစ်တကျ သင်ကြားပို့ချပေးမည်ဖြစ်ပြီး Member အဖြစ် ပါဝင်ထားသော ကုမ္ပဏီများကလည်း ၎င်းတို့၏ ကုန်ပစ္စည်းများအား ခင်းကျင်းပြသ ရောင်းချပေးမည်ဖြစ်သည်။

အဆိုပါသင်တန်းသို့ တက်ရောက်လိုသူများ၊ မိမိ၏ကုမ္ပဏီနှင့် မိမိကုမ္ပဏီဝန်ထမ်းများ၏ အရည်အသွေးကို မြှင့်တင်လိုသူများ၊ Device နှင့် ပူးပေါင်းပါဝင်လိုသူများအနေဖြင့် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အထက်ပန်းဆိုးတန်းလမ်း မြန်မာ့ဂုဏ်ရည်အိမ်ရာရှိ Device Business Management Academy ဖုန်း-၀၁-၃၉၃၃၁၈၊ ၀၁-၃၉၃၀၆၈၊ ၀၁-၇၃၀၄၅၁၄၀၊ ၀၁-၄၄၁၂၅၉၈၊ ၀၉-၉၉၂၅၈၂၇ နှင့် ၀၉-၅၀၃၅၀၁၃ တို့သို့ ဆက်သွယ် ဆောင်ရွက်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တောင်ကြီးကောလိပ် ကျောင်းသား၊ ကျောင်းသူများ ဒွါဒသမအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပမည်

နေပြည်တော် နိုဝင်ဘာ ၇

တောင်ကြီးကောလိပ်တွင် ပညာသင်ကြားခဲ့သော ကျောင်းသား၊ ကျောင်းသူများက တောင်ကြီးကောလိပ် စတင်တည်ထောင်သည်မှ ၁၉၇၄ ပညာသင်နှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သော ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများအား ဒွါဒသမအကြိမ် အာစရိယပူဇော်ပွဲကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၂ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ YMCA ခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ဖိတ်စာမရရှိသော ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများသည် အောက်ပါပုဂ္ဂိုလ်များနှင့် ဆက်သွယ်ရယူနိုင်သည်။

အလှူငွေပါဝင်လှူဒါန်းလိုသူ ကျောင်းသား၊ ကျောင်းသူ ဟောင်းများသည် လီယို ဖုန်း-၀၉-၅၀၁၁၃၉၂၊ ဒေါက်တာသာညဏ် ဖုန်း-၀၉-၈၀၃၃၄၄၆၊ ဦးမြင့်လွင်ခိုင် -ဒေါ်မြင့်မြင့်တင် ဖုန်း-၀၉-၅၀၄၆၈၉၉၊ ဦးအောင်မြင့် (ပျော်ဘွယ်) ဖုန်း-၀၆၄-၄၉၅၂၄၊ စိုင်းဇော်မင်း(ကျိုင်းတုံ) ဖုန်း-၀၉-၅၂၅၀၁၂၁၊ ဦးမောင်မောင်လေး (သီပေါ) ဖုန်း-၀၉-၅၀၁၇၁၉၆၊ စိုင်းသိန်းထွေး(ကျောက်မဲ) ဖုန်း-၀၆၇-၂၂၀၇၄၊ ၀၆၇-၂၂၀ ၇၅၊ ဦးခင်မောင်ဆွေ(အောင်ပန်း) ဖုန်း-၀၉-၅၀၀၂၄၅၀၊ ဦးဝင်းလွင်-ဒေါ်မိမိချမ်း(တောင်ကြီး) ဖုန်း-၀၈၁-၂၁၇၂၀၊ ဒေါ်နန်းခင်အေး(တောင်ကြီး) ဖုန်း-၀၉-၅၂၄၀၄၀၂၊ ဦးခင်မောင်အေး (တောင်ကြီး) ဖုန်း-၀၉-၅၁၃၇၄၂၃၊ ဒေါ်မကြင် ဖုန်း-၂၁၀၉၈၇၊ ဒေါ်စိန်စိန်မြင့်(ကျောက်မဲ) ဖုန်း- ၀၈၂-၄၀၂၁၀၊ ဒေါ်စွမ် ဖုန်း-၂၂၃၃၂၅၊ ဒေါ်ခင်ဝင့်အေးအေး ဖုန်း ၀၉-၅၁၅၃၇၈၇၊ ဒေါ်ခင်စိမ်းဝင်း(မိတ္ထီလာ) ဖုန်း-၀၆၄-၂၄၅၈၁၊ ဒေါ်ထွေးခင် ဖုန်း-၂၂၃၉၀၃၊ ဒေါ်နယ်လီထွန်း(မန္တလေး) ဖုန်း-၀၂-၃၃၉၈၉၊ ဒေါ်ခင်မာရီ ဖုန်း-၀၆၇-၇၀၂၇၆၊ ဦးသန့်စင် ဖုန်း-၅၀၈၇၀၉၊ Ext-၃၆၀၊ ဒေါ်ခင်စစ်ဝေ ဖုန်း-၅၆၃၅၉၄၊ ဒေါ်စဝ်သီတာထွေး ဖုန်း-၆၆၂၇၃၂၊ ဒေါ်တင်တင်နွဲ့(လှိုင်ကော်) ဖုန်း-၂၅၂၉၉၂၊ ဒေါ်ယုယုလွင် ဖုန်း-၂၁၀၅၁၉၊ ဒေါ်စီစီဝင်း ဖုန်း-၅၅၆၇၃၇၊ ဒေါ်သိန်းသိန်းလှ ဖုန်း- ၅၃၅၂၉၀၊ ဒေါ်ဆွေဆွေဦး ဖုန်း-၃၈၆၆၆၇၊ ဒေါ်မေမေတင် ဖုန်း-၇၀၈၅၃၃ နှင့် စိုင်းစိုးမြင့်ဆွေ-ဒေါ်စုစုသန်းဖေ ဖုန်း-၅၇၉၃၉၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့ အမှတ်(၁)ရပ်ကွက် မြို့မဈေးအနီး ရေစင်ရှိ ဟောင်းနွမ်းနေသော သံတိုင်ကီများအား လဲလှယ်ပြီး ပလတ်စတစ်ဖိုင်ဘာတိုင်ကီများ တပ်ဆင်ခြင်းလုပ်ငန်းခွင်သို့ အမှုဆောင်အရာရှိ ဦးဝင်းဗိုလ်နှင့် အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ) ဦးစိုးဝင်းထွန်းတို့ ကွင်းဆင်းကြပ်မတ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြေယာရှုခင်းအလှ ဆောင်ရွက်

မြစ်ကြီးနား နိုဝင်ဘာ ၇

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြစ်ကြီးနားမြို့အား သန့်ရှင်းသာယာလှပသောမြို့ ဖြစ်စေရေးအတွက် ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂ ရက်က ဆွမ်းပရာဘွမ် လမ်းမကြီးပေါ် မြေယာရှုခင်းအလှ ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ(ဒုတိယညွှန်ကြားရေးမှူး) ဦးစိုးနိုင်က ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာမှူး ဦးခင်မောင်မြင့်က လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ (မြို့နယ်စည်ပင်)

နံနက် ၆ နာရီတွင် မဲရုံများကို စတင်ဖွင့်လှစ်လိုက်သည်နှင့် မဲဆန္ဒရှင်ပြည်သူများ စနစ်တကျမဲပေး သက်ဆိုင်ရာ မဲရုံမှူးများနှင့် မဲရုံအဖွဲ့ဝင်များက ကူညီဆောင်ရွက်ပေး

◆ ရွှေဖုံးမှ

နေပြည်တော်ခရိုင် ဇေယျာသီရိမြို့နယ် အနော်ရထာရပ်ကွက်တွင် သတ်မှတ်မဲရုံ တည်နေရာများအလိုက် မဲရုံ ၁၇ ရုံ ဖွင့်လှစ်ထားရှိသည်။

ကြည့်ရှုစစ်ဆေး

မဲရုံမဖွင့်လှစ်မီ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များသည် မဲရုံအဆောက်အအုံ၊ မဲစာရင်း၊ မဲပုံး၊ ဆန္ဒမဲလက်မှတ် စသည်တို့ကို ကြည့်ရှုစစ်ဆေးကြသည်။

နံနက် ၆ နာရီတွင် မဲရုံများကို စတင်ဖွင့်လှစ်လိုက်သည်နှင့် အနော်ရထာရပ်ကွက်ရှိ မဲရုံများ၌ ကာကွယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးများ၊ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များနှင့် မိသားစုဝင်များသည် စနစ်တကျဖြင့် ဆန္ဒမဲပေးကြရာ သက်ဆိုင်ရာမဲရုံမှူးများနှင့် မဲရုံအဖွဲ့ဝင်များက ကူညီကြီးကြပ် ဆောင်ရွက်ပေးကြသည်။

အလားတူ နံနက် ၉ နာရီ ၁၅ မိနစ်တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် နေပြည်တော်ခရိုင် ဇမ္ဗူသီရိမြို့နယ် ဇေယျသိဒ္ဓိရပ်ကွက် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၌ ဖွင့်လှစ်ထားသော မဲရုံအမှတ်(၁)သို့ လာရောက်၍ ဆန္ဒမဲပေးကြသည်။

နံနက် ၆ နာရီတွင် မဲရုံများကို စတင်ဖွင့်လှစ်သည်နှင့် ဇမ္ဗူသီရိမြို့နယ် ရပ်ကွက်အသီးသီးရှိ မဲဆန္ဒရှင်ပြည်သူများသည် စနစ်တကျဖြင့် ဆန္ဒမဲပေးကြရာ သက်ဆိုင်ရာမဲရုံမှူးများနှင့် မဲရုံအဖွဲ့ဝင်များက ကူညီကြီးကြပ်ဆောင်ရွက်ပေးကြသည်။

ထို့အတူ နံနက် ၈ နာရီတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့သည် နေပြည်တော်ခရိုင် ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစု ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ဖွင့်လှစ်ထားသော မဲရုံသို့လာရောက်၍ ဆန္ဒမဲပေးကြသည်။

နံနက် ၆ နာရီတွင် မဲရုံများကို စတင်ဖွင့်လှစ်လိုက်သည်နှင့် ပုဗ္ဗသီရိမြို့နယ် ရပ်ကွက်အသီးသီးရှိ မဲဆန္ဒရှင်ပြည်သူများသည် စနစ်တကျဖြင့် ဆန္ဒမဲပေးကြရာ သက်ဆိုင်ရာမဲရုံမှူးများနှင့် မဲရုံအဖွဲ့ဝင်များက ကူညီကြီးကြပ် ဆောင်ရွက်ပေးကြသည်။

ထို့အပြင် နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်နှင့် ဥတ္တရသီရိမြို့နယ်တို့ရှိ မဲရုံအသီးသီးတွင်လည်း မဲဆန္ဒရှင်ပြည်သူများလာရောက်၍ ဆန္ဒမဲပေးကြကြောင်း သိရှိရသည်။

ရွေးချယ်ရေတွက်

မဲရုံအလိုက် ဆန္ဒမဲပေးခွင့်ရှိသူများ စုံလင်စွာလာရောက်မဲပေးပြီးသည်နှင့် မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များသည် မဲပုံးကိုဖောက်၍ ထောက်ခံမဲနှင့် ပယ်မဲတို့ကို စနစ်တကျ ရွေးချယ်ရေတွက်ကြပြီး သက်ဆိုင်ရာမှတ်တမ်းစာအုပ်များ၌ မှတ်တမ်းတင်ရေးသွင်းကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ ဆန္ဒမဲပေးကြစဉ်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင် ဆန္ဒမဲပေးစဉ်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၈-၁၁-၂၀၁၀ (တနင်္လာနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ရတနသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "ဗုဒ္ဓနည်းကျ ဘဝနေနည်း" တရားတော် (ညောင်ကန်အေးဆရာတော် ဒေါက်တာအရှင်ကုန္ဒက)
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၆၈)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်"(အပိုင်း-၃၅)**
- ၈း၅၀ Activities In The City (ဝ-သုံးလုံးဝိပဿနာဌာနချုပ်၏ ရဟန်းတော်များဝိပဿနာ သင်တန်းပို့ချခြင်းသင်တန်းဆင်းပွဲ)
- ၉း၀၀ အနုပညာရပ်ဝန်းမှရင်ခုန်သံများ "Power King ဗီဒီယိုထုတ်လုပ်ရေးမှ ဇာတ်ကားများအားမိတ်ဆက်ပွဲ"
- ၉း၂၅ အဘိမ္မောပြန့်ပွားရေးအသင်းကြီး၏ (၄၃) ကြိမ်မြောက် အာဂမ၊ သဘာဝစာတော်ပြန်ပွဲ
- ၉း၄၀ နာမည်ဆိုးနှင့်ကျော်ကြားသော (ပဥ္စမပိုင်း)
- ၁၀း၀၅ ပန်းချီဆရာကြီး ဦးလွန်းကြွယ်၏ သူ့ဘဝနှင့် သူ့လက်ရာ
- ၁၀း၃၀ အနိုင်ယူချင်တာအချစ်လား တေးစီးရီးမိတ်ဆက်
- ၁၀း၄၀ The Champion of Dance
- ၁၁း၁၀ ဦးဆုံးအစ ဘဝရဲ့အလှ (Jenny)
- ၁၁း၄၀ MRTV-4 ကာတွန်းအစီအစဉ် "ဒဏ္ဍာရီထဲကစား"(အပိုင်း-၂၀)
- ၁၂း၁၀ စာအုပ်ပြခန်း (စာရေးဆရာဦးလှထွန်းနှင့် တွေ့ဆုံခြင်း)
- ၁၂း၄၀ ရွေးချယ်အစုံစုံ ရင်သွေးရိပ်မြုံ (ခရေ Pre School)
- ၁း၀၀ "ဗုဒ္ဓနည်းကျ ဘဝနေနည်း" တရားတော် (ညောင်ကန်အေးဆရာတော် ဒေါက်တာအရှင်ကုန္ဒက)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ သူတို့ဘဝ သူ့တို့ဟာသ (ဦးဆိုနီ)
- ၂း၄၀ FMF Selection
- ၃း၁၀ မြန်မာနိုင်ငံစီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်း **(MIEGA)** စီးပွားရေးပညာရပ်ဆိုင်ရာ ဟောပြောပွဲ (၃/၂၀၁၀)
- ၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၆၈)**
- ၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်"(အပိုင်း-၃၅)**
- ၄း၅၅ Activities In The City (Ruby Mart ဖွင့်ပွဲ)
- ၅း၁၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၅း၃၀ MRTV-4 ကာတွန်းအစီအစဉ် "ဒဏ္ဍာရီထဲကစား"(အပိုင်း-၂၀)
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ Sunday Talk (မျိုးမြတ်သူ၊ အတ္တကျော်)
- ၇း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၆၉)**
- ၇း၄၅ ဗီဒီယိုပြခန်း
- ၈း၀၀ MRTV- 4 သတင်း
- ၈း၃၀ စကားနပန်း (ဒေါ်သကြီးတာကောင်းတယ်၊ ဒေါ်သမကြီးတာကောင်းတယ်)
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၃၆)**
- ၁၀း၂၀ အနုပညာမိုးကောင်းကင်
- ၁၀း၄၅ International Show Biz
- ၁၁း၀၀ သဘာဝအစားအစာများ "ရှားစောင်းလက်ပပ်ယိုနှင့် ဖျော်ရည်"
- ၁၁း၂၅ ဈေးဝယ်လမ်းညွှန် (ရွှေမြယာ Center)
- ၁၁း၅၀ ကမ္ဘာနှင့်ယှဉ် ရင်ပေါင်တန်း မြန်မာ့သားရေထည်ရဲ့ အစွမ်း
- ၁၂း၀၅ Celebrity Profile (Jet Li)
- ၁၂း၃၀ Shooting Location (မျက်ခြယ်ခြုံ)
- ၁၂း၅၅ ပန်းတို့၏ဒိုင်ယာရီ
- ၁း၁၅ မြန်မာ့လက်မှုအနုပညာ (ထန်းပန်းချီ-ကျောက်စီပန်းချီ)
- ၁း၂၅ Box Office Movies (Star Trek)
- ၁း၅၀ တိုးတက်စည်ပင်ညောင်ဇင်ကျေးရွာ ဖွံ့ဖြိုးနေ
- ၂း၁၅ စက်မှုစီးပွား ထုတ်ကုန်အား (Myanmar Marina)
- ၂း၄၀ Make In A Delicious Way (ထိုင်းအစားအစာပြုလုပ်နည်း)
- ၃း၀၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၄း၀၀ ကျန်းမာသန်ထွား ညဏ်မြင့်မား (မင်းရာဇာ၊ မျိုးစန္ဒီကျော်၊ တက္ကသိုလ်ဂွမ်းပုံ)
- ၄း၁၅ လပွတ္တာနှင့် သုံးမိုင်အကွာ
- ၄း၂၅ Rain Forest Homeland (အပိုင်း-၁)
- ၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် သူရ ဦးရွှေမန်း ဆန္ဒမဲပေးစဉ်။
(သတင်း-ရွှေ့ဖုံး)
(သတင်းစဉ်)

နေပြည်တော်ခရိုင်တွင် ဖွင့်လှစ်ထားသော မဲရုံများသို့ လာရောက်ဆန္ဒမဲပေး

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ နေပြည်တော်ခရိုင် ဇမ္ဗူသီရိမြို့နယ် ဇေယျသိဒ္ဓိ ရပ်ကွက် အမှတ်(၅)အခြေခံပညာ အထက်တန်း ကျောင်း၌ ဖွင့်လှစ်ထားသော မဲရုံအမှတ် (၁) တွင် ဆန္ဒမဲ ပေးကြစဉ်။
(သတင်း-ရွှေ့ဖုံး)
(သတင်းစဉ်)

လာအို သံအမတ်ကြီး ဦးဆောင်သော သံတမန်များနှင့် သတင်းထောက်များ နေပြည်တော်ခရိုင်အတွင်း ၂၀၁၀ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပမှု ကြည့်ရှုလေ့လာ

နေပြည်တော် နိုဝင်ဘာ ၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် ၂၀၁၀ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ယနေ့ နံနက် ၆ နာရီမှ စတင်၍ နိုင်ငံတစ်ဝန်းရှိ သတ်မှတ် မဲဆန္ဒနယ်အသီးသီး၌ တစ်ပြိုင်တည်း ဖွင့်လှစ်ကျင်းပရာ နေပြည်တော်ခရိုင်အတွင်းရှိ မဲဆန္ဒရှင်ပြည်သူများသည် မဲရုံများသို့ စနစ်တကျ လာရောက်ကြပြီး လွှတ်တော်အသီးသီးအတွက် လွှတ်တော်ကိုယ်စားလှယ်များအား လွတ်လပ်ပျော်ရွှင်စွာ မိမိတို့စိတ်ကြိုက် မဲပေးရွေးချယ်ကြသည်။

ကြည့်ရှုလေ့လာ

နေပြည်တော်ခရိုင်အတွင်း ၂၀၁၀ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပမှုနှင့် မဲဆန္ဒရှင်ပြည်သူများ လွတ်လပ်ပျော်ရွှင်စွာ ဆန္ဒမဲပေးနေမှု၊ မဲရုံမှူးနှင့် တာဝန်ရှိသူများ၏ စနစ်တကျ မဲရေတွက်နေမှု၊ သတ်မှတ်ပုံစံဖြင့် မှတ်တမ်းတင်နေမှုတို့ကို ကြည့်ရှုလေ့လာရန် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Koully A. Souphakhet၊ ဂျပန်နိုင်ငံ သံရုံးမှ Counsellor Mr. Mitsuji Suzuka နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံရုံးမှ Counsellor Mr. Alexey Filimonov တို့သည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ခရိုင် ဒက္ခိဏသီရိမြို့နယ် ဒက္ခိဏသီရိရပ်ကွက် အခြေခံပညာ အထက်တန်းကျောင်းရှိ မဲရုံသို့လည်းကောင်း၊ ဇမ္ဗူသီရိမြို့နယ် ဇေယျသိဒ္ဓိရပ်ကွက် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းရှိ မဲရုံသို့ လည်းကောင်း၊ ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုကျေးရွာ အမှတ်(၁၅၉) အခြေခံပညာ မူလတန်းကျောင်းရှိ မဲရုံသို့ လည်းကောင်း၊ ဥတ္တရသီရိမြို့နယ် ဥတ္တရသီရိရပ်ကွက် အမှတ်(၅၇) အခြေခံပညာ မူလတန်းကျောင်းရှိ မဲရုံသို့လည်းကောင်း၊ ပုဗ္ဗသီရိမြို့နယ် အောင်သာယာရပ်ကွက် အမှတ်(၁၂၂) အခြေခံပညာ မူလတန်းကျောင်းရှိ မဲရုံသို့လည်းကောင်း၊ ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက် အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်းရှိ မဲရုံသို့လည်းကောင်း သွားရောက်ကြပြီး မဲဆန္ဒရှင်များ လွတ်လပ်ပျော်ရွှင်စွာ ဆန္ဒမဲပေးနေမှုကို ကြည့်ရှုလေ့လာကြသည်။

စနစ်တကျ မဲရေတွက်

ထို့အတူ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းမှ အသင်းဝင်သတင်းထောက်များ၊ ပြည်တွင်း ဂျာနယ်၊ မဂ္ဂဇင်းများမှ စာတည်းအဖွဲ့ဝင်များနှင့် သတင်းထောက်များကလည်း နေပြည်တော်ခရိုင်အတွင်းရှိ မဲဆန္ဒရှင်များ လွတ်လပ်ပျော်ရွှင်စွာ မိမိတို့စိတ်ကြိုက် ဆန္ဒမဲပေးနေမှုနှင့် မဲရုံမှူးနှင့် တာဝန်ရှိသူများ၏ စနစ်တကျ မဲရေတွက်နေမှု၊ သတ်မှတ်ပုံစံဖြင့် မှတ်တမ်းတင်နေမှုတို့ကို ကြည့်ရှုလေ့လာကြသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး နေပြည်တော်ခရိုင် ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၌ ဖွင့်လှစ်ထားသော မဲရုံတွင် ဆန္ဒမဲပေးစဉ်။
(သတင်း-ရွှေ့ဖုံး)
(သတင်းစဉ်)

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Koully A. Souphakhet နှင့် သံတမန်များ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းမှ အသင်းဝင်သတင်းထောက်များ၊ ပြည်တွင်း ဂျာနယ်၊ မဂ္ဂဇင်းများမှ စာတည်းအဖွဲ့ဝင်များနှင့် သတင်းထောက်များ နေပြည်တော်ခရိုင် ဇမ္ဗူသီရိမြို့နယ် ဇေယျသိဒ္ဓိရပ်ကွက် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းရှိ မဲရုံ၌ ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

နတ်တလင်း အထက ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်

နတ်တလင်း နိုဝင်ဘာ ၇

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) နတ်တလင်းမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ၁၉၄၉ မှ ၂၀၁၀ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူသွားကြသော ဆရာကြီး၊ ဆရာမကြီးများအား တပည့်ဟောင်းများက စုပေါင်း၍ (၁၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၂၁ ရက် မွန်းလွဲ ၁ နာရီတွင်လည်းကောင်း၊ ပညာရည်ချွန်ဆုပေးပွဲကို ယင်းနေ့နံနက် ၉ နာရီတွင်လည်းကောင်း၊ နတ်တလင်းအထက မနောဟာဒယခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အာစရိယပူဇော်ပွဲအတွက် အလှူငွေများကို ဒေါ်ဝင်းကြည် ဖုန်း-၀၁-၂၉၄၂၈၂၊ ဦးမောင်မောင်ထွန်း ဖုန်း-၀၁-၆၆၆၂၇၈၊ ဒုတိယဗိုလ်မှူးကြီးခင်အောင်(ငြိမ်း) ဖုန်း-၀၁-၆၁၁၀၄၅၊ ဒုတိယဗိုလ်မှူးကြီးမြင့်ဆွေ(ငြိမ်း) ဖုန်း-၀၁-၅၁၈၀၈၆၊ ဦးလှသန်း ဖုန်း-၀၁-၅၃၇၈၃၉၊ ဒုတိယရဲမှူးကြီးသိန်းထွန်း(ငြိမ်း) ဖုန်း-၀၁-၅၈၄၃၀၅၊ ဒေါ်သန်းသန်းအေး (ကျောင်းအုပ်ဆရာမကြီး၊ အထက နတ်တလင်းမြို့) ဖုန်း-၀၅၃-၃၆၄၄၆၊ ဦးထွန်းလင်း (မြို့နယ်ပညာရေးမှူး-ငြိမ်း) ဖုန်း-၀၅၃-၃၆၃၉၃၊ ဦးမြင့်(မြို့နယ်ပညာရေးမှူး-ငြိမ်း) ဖုန်း-၀၅၃-၃၆၅၃၄ နှင့် ဒေါ်စန်းမြင့်(အထပြ-ငြိမ်း) ဖုန်း-၀၅၃-၃၆၁၈၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

သင့်သွေးဖြင့် အသက်ကယ်ပါ

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာ

နေပြည်တော် နိုဝင်ဘာ ၇

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ်(၁၁၉/၂၀၁၀)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ် (၁၁၉/၂၀၁၀)
၁၃၇၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက်
(၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်)

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမည်စာရင်းကြေညာခြင်း

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၌ မဲဆန္ဒနယ် တစ်နယ်တွင် ရွေးကောက်တင်မြှောက်ခံမည့် လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးတည်းသာ ရှိသဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲတို့က အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၄၁(က)နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ၎င်းတို့နှင့်ယှဉ်တွဲပါ အမျိုးသားလွှတ်တော် မဲဆန္ဒနယ်များ၏ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များဖြစ်ကြောင်း ကြေညာလိုက်သည်-

စဉ်	အမည်	မှတ်ပုံတင်အမှတ်	မဲဆန္ဒနယ်	ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ
	ကရင်ပြည်နယ်			
(၁)	ဦးစောအေးမြိုင်	၃/ကကရ(နိုင်)၀၄၆၀၄၀	အမှတ်(၈)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၂)	ဦးစောမြဝင်း	၃/ကဆက(နိုင်)၀၁၃၂၇၀	အမှတ်(၁၁)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၃)	ဦးမန်းအောင်တင်မြင့်	၃/ဘအန(နိုင်)၁၉၇၇၂၆	အမှတ်(၁၂)	ကရင်ပြည်နယ်ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ
	တနင်္သာရီတိုင်းဒေသကြီး			
(၄)	ဦးကျားမောင်(ခ) ဦးမောင်ကျား	၆/မအရ(နိုင်)၀၃၁၃၃၂	အမှတ်(၈)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၅)	ဦးသန်းမြင့်	၆/တသရ(နိုင်)၀၁၉၀၇၅	အမှတ်(၁၀)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
	ရှမ်းပြည်နယ်			
(၆)	ဦးနေဝင်းထွန်း	၁၃/တကန(နိုင်)၀၄၄၁၉၀	အမှတ်(၉)	ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်
(၇)	ဦးထွန်းကျော်	၁၃/နဆန(နိုင်)၀၀၃၀၈၀	အမှတ်(၁၀)	တအာင်း(ပလောင်) အမျိုးသားပါတီ
(၈)	ဦးလျှုကွယ်ရှိ	၁၃/မဆတ(နိုင်)၀၃၁၈၃၄	အမှတ်(၁၁)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ

(ပုံ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာ

နေပြည်တော် နိုဝင်ဘာ ၇

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၁၂၀/၂၀၁၀)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ် (၁၂၀/၂၀၁၀)
၁၃၇၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက်
(၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်)

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အမည်စာရင်းကြေညာခြင်း

၂၀၁၀ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၌ မဲဆန္ဒနယ် တစ်နယ်တွင် ရွေးကောက်တင်မြှောက်ခံမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးတည်းသာ ရှိသဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲတို့က တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၄၁(က)နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ၎င်းတို့နှင့် ယှဉ်တွဲပါ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်များ၏ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များဖြစ်ကြောင်း ကြေညာလိုက်သည်-

စဉ်	အမည်	မှတ်ပုံတင်အမှတ်	မဲဆန္ဒနယ်	ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ
(၁)	ဦးခင်မောင်ဦး(ခ) ဦးဘူးရယ်	၁၂/ရကန(နိုင်)၀၁၄၃၇၄	ဘောလခဲ(၁)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၂)	ဦးစောဝင်းထိန်	၃/ဖပန(နိုင်)၀၀၀၉၃၂	ဖာပွန်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၃)	ဦးစောဆာလောလ	၃/ကဆက(နိုင်)၀၂၀၈၄၄	ကြာအင်းဆိပ်ကြီး(၂)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၄)	ဦးသိန်းထွန်းဦး	၅/ဒပယ(နိုင်)၀၅၅၆၆၀	ဒီပဲယင်း(၁)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၅)	ဦးစိန်ဝင်းလှိုင်	၅/ဘတလ(နိုင်)၀၀၁၉၈၂	ဘုတလင်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၆)	ဦးသာအေး	၁၄/ဟသတ(နိုင်)၀၁၃၁၁၉	ဘုတလင်(၂)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၇)	ဦးရှုစံကြူး	၅/ခတန(နိုင်)၀၀၅၄၂၀	လဟယ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၈)	ဦးဝါလို	၅/လဟန(နိုင်)၀၀၀၄၂၅	လဟယ်(၂)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၉)	ဦးသိန်းလွင်	၆/ကစန(နိုင်)၀၃၇၆၅၁	ကျွန်းစု(၁)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၁၀)	ဦးတင်စိုး	၆/ကစန(နိုင်)၀၀၂၅၈၄	ကျွန်းစု(၂)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၁၁)	ဦးအောင်ဆန်းလွင်	၆/တသရ(နိုင်)၀၁၈၈၇၀	တနင်္သာရီ(၁)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၁၂)	ဦးသက်နိုင်	၆/တသရ(နိုင်)၀၃၅၀၈၉	တနင်္သာရီ(၂)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၁၃)	ဦးညဏ်ဝင်း	၈/မကန(နိုင်)၀၁၄၂၈၂	ဇီးကုန်း(၁)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၁၄)	ဦးစိန်လှိုင်	၈/စတရ(နိုင်)၀၀၁၇၈၈	စေတုတ္တရာ(၂)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၁၅)	ဦးသန်းအောင်	၉/သပက(နိုင်)၀၁၃၁၄၃	သပိတ်ကျင်း(၁)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၁၆)	ဦးတင်ထွန်း	၉/သပက(နိုင်)၀၁၄၉၆၃	သပိတ်ကျင်း(၂)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၁၇)	ဦးအောင်နိုင်	၁၂/ကကက(နိုင်)၀၀၀၆၆၁	ကိုကိုးကျွန်း(၁)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၁၈)	ဦးစံလွင်	၁၃/တကန(နိုင်)၁၄၆၃၁၃	ဟိုပုန်း(၂)	ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်
(၁၉)	ဦးခွန်အောင်နိုင်ဦး	၁၃/ပလန(နိုင်)၀၃၈၉၂၇	ပင်လောင်း(၂)	ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်
(၂၀)	ဦးမောင်ကျော်(ခ) ဦးထွန်းကျော်	၁၃/နဆန(နိုင်)၀၀၁၇၄၂	နမ့်ဆန်(၁)	တအာင်း(ပလောင်)အမျိုးသားပါတီ
(၂၁)	ဦးအောင်ထွဏ်း	၁၃/နဆန(နိုင်)၀၀၁၇၅၀	နမ့်ဆန်(၂)	တအာင်း(ပလောင်)အမျိုးသားပါတီ
(၂၂)	ဦးမိုင်းအုဏ်းခိုင်	၁၃/ကမန(နိုင်)၀၀၅၆၆၉	မန်တုံ(၁)	တအာင်း(ပလောင်)အမျိုးသားပါတီ
(၂၃)	ဦးအိုက်ခ	၁၃/နမတ(နိုင်)၀၁၉၄၄၀	မန်တုံ(၂)	တအာင်း(ပလောင်)အမျိုးသားပါတီ
(၂၄)	ဦးခွန်ထွန်းလူ(ခ) ဦးထွန်းလူ	၁၃/လရန(နိုင်)၀၁၅၂၇၁	ဟိုပန်(၁)	‘ဝ’ ဒီမိုကရက်တစ်ပါတီ
(၂၅)	ဦးစိုင်းလှဖေ	၁၃/ဟပတ(နိုင်)၀၀၁၈၀၄	ဟိုပန်(၂)	‘ဝ’ ဒီမိုကရက်တစ်ပါတီ
(၂၆)	ဦးပယ်စောက်ချိန်(ခ) ဦးဘေဆော်ချိန်	၁၃/ကလတ(နိုင်)၀၂၀၇၆၄	လောက်ကိုင်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၂၇)	ဦးမြင်ရှော်ချန်း(ခ) ဦးမြီရှောက်ချန်း	၁၃/ကလတ(နိုင်)၀၂၂၆၉၇	လောက်ကိုင်(၂)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၂၈)	ဦးဝေရှောက်ရင်	LSO- ၁၈၂၅၃၂	ကုန်းကြမ်း(၁)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၂၉)	ဦးကျောက်တယ်ချန်	၁၃/လရန(နိုင်)၀၉၇၁၇၅	ကုန်းကြမ်း(၂)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၃၀)	ဦးခွန်ထွန်း	၁၃/နဖန(နိုင်)၀၀၀၁၃၉	မက်မန်း(၁)	‘ဝ’ ဒီမိုကရက်တစ်ပါတီ
(၃၁)	ဦးဆန်းဆင့်	၁၂/ဒဂန(နိုင်)၀၁၂၃၄၂	ရေကြည်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၃၂)	ဦးသိန်းအောင်	IGU- ၀၅၃၇၈၄	အင်ပူ(၁)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၃၃)	ဦးသိန်းထွန်း	၁၄/လမန(နိုင်)၀၃၅၈၈၄	လေးမျက်နှာ(၂)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ

စာမျက်နှာ ၆ ကော်လံ ၁ သို့

❒ စာမျက်နှာ ၅ မှ

စဉ်	အမည်	မှတ်ပုံတင်အမှတ်	မဲဆန္ဒနယ်	ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ
(၃၄)	ဦးနီပွန်	၅/ရဘန(နိုင်)၀၇၁၁၄၉	ရွှေဘို(၁)	တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ
(၃၅)	ဦးစိန်ဦး	၁၃/တကန(နိုင်)၀၀၅၆၁၄	ကယားပြည်နယ် လွှတ်တော် ဗမာတိုင်းရင်းသား	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၃၆)	ဦးကိုကိုနိုင်	၁၁/မပတ(နိုင်)၀၀၁၆၀၀	ရခိုင်ပြည်နယ် လွှတ်တော် ချင်းတိုင်းရင်းသား	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၃၇)	ဦးဘကြူး	၁၂/ရကန(နိုင်)၀၂၃၃၁၀	ဧရာဝတီ တိုင်းဒေသကြီး လွှတ်တော် ရခိုင်တိုင်းရင်းသား	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ

(ပုံ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာ

နေပြည်တော်　နိုဝင်ဘာ　၇

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ်(၁၂၁/၂၀၁၀)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ်(၁၂၁/၂၀၁၀)
၁၃၇၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက်
(၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်)

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အမည်စာရင်းကြေညာခြင်း

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၌ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲတို့က ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၄၉(ခ)နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ ယင်းပုဂ္ဂိုလ်များသည် ၎င်းတို့နှင့် ယှဉ်တွဲပါ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များ၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြောင်း ကြေညာလိုက်သည်-

စဉ်	အမည်	မှတ်ပုံတင်အမှတ်	မဲဆန္ဒနယ်	ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ
	ရန်ကုန်တိုင်းဒေသကြီး			
(၁)	ဦးအေးဖေ	၆/ပလန(နိုင်)၀၀၁၅၂၈	ကိုကိုးကျွန်း	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၂)	ဒေါက်တာနေလင်း	၁၂/သဃက(နိုင်)၀၁၂၅၀၄	ဆိပ်ကမ်း	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ

(ပုံ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၈-၁၁-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၀ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊တေးရေး-မောင်မောင်လတ်)
- ၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၀ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈း၀၀ ၇။ အတီးပြိုင်ပွဲ
- ၈း၁၀ ၈။ "စည်းကမ်းလိုက်နာ ဘေးကင်းကွာ"
- ၈း၂၅ ၉။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ အကပဒေသာ
- ၄း၂၀ ၃။ တေးဂီတအစီအစဉ်
- ၄း၃၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာတတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
- ၄း၄၅ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၅၅ ၆။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
- ၅း၁၀ ၇။ မြန်မာစာ၊ မြန်မာစကား
- ၅း၂၅ ၈။ မြန်မာတေးသံရှင်ရွေးချယ်ပွဲ
- ၆း၀၀ ၉။ ညနေခင်းသတင်း
- ၆း၁၅ ၁၀။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၁။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၇း၀၀ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နှင်းပွင့်သစ္စာ" (အပိုင်း-၅)**
- ၈း၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရေသူမလေး နောက်ဆုံးချစ်ပုံပြင်" (ပထမပိုင်း) (အပိုင်း-၄)**
- ၁၇။ "သုခုမရင်ပြင်"
- ၁၈။ အစီအစဉ်ပြီး၏

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ထွေနှင့် ဇနီး ဆန္ဒမဲပေး

ရန်ကုန်　နိုဝင်ဘာ　၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် ၂၀၁၀ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ယနေ့ နံနက် ၆ နာရီမှ စတင်၍ ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ မဲဆန္ဒနယ်များ၌ တစ်ပြိုင်တည်း ကျင်းပသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ထွေ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ်(၇)ရပ်ကွက် ကုန်းမြင့်သာရှိ မဲဆန္ဒနယ်အမှတ်(၂) မဲရုံအမှတ်(၄)၌ ဆန္ဒမဲပေးစဉ်။

(သတင်းစဉ်)

အဆိုပါ ရွေးကောက်ပွဲများတွင် မဲဆန္ဒရှင်ပြည်သူများသည် လွှတ်တော်ကိုယ်စားလှယ်များအား မိမိတို့ ဆန္ဒအလျောက် ဆန္ဒမဲပေးရွေးချယ်ကြသည်။ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ထွေနှင့် ဇနီးတို့သည် ယနေ့ နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ်(၇) ရပ်ကွက် ကုန်းမြင့်သာရှိ မဲဆန္ဒနယ်အမှတ်(၂) မဲရုံအမှတ်(၄) သို့ သွားရောက်ပြီး လွှတ်တော်ကိုယ်စားလှယ်များအား ဆန္ဒမဲပေးကြသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်းနှင့် ဇနီးတို့သည် ယနေ့ နံနက်ပိုင်းတွင် အဆိုပါ မဲရုံသို့ သွားရောက်ကြပြီး လွှတ်တော်အသီးသီးအတွက် လွှတ်တော် ကိုယ်စားလှယ်များအား ဆန္ဒမဲပေးကြသည်။

ထို့အတူ ရန်ကုန် တပ်နယ်အတွင်းရှိ တပ်မတော်သားများနှင့် မိသားစုများသည် သက်ဆိုင်ရာ မဲရုံများသို့ သွားရောက်၍ ဆန္ဒမဲများ ပေးကြကြောင်း သိရှိရသည်။　(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၈-၁၁-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၂၀ ၃။ ဓမ္မပူဇာတေး
- ၇း၂၅ ၄။ မျိုးချစ်တပ်မတော်
- ၇း၃၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၅ ၆။ မြန်မာသံစဉ်ချိုနှာဝင်
- ၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ အမျိုးသားရေးတေးကဗျာ
- ၄း၂၅ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၃၅ ၅။ မျိုးချစ်တပ်မတော်
- ၄း၄၅ ၆။ စိုက်ပျိုးသုတ
- ၄း၅၅ ၇။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅း၂၀ ၈။ ဗွီစီဒီကျော်ကြားတေးများ
- ၅း၃၀ ၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **- မိုးသောက်ကြယ် (အပိုင်း-၃၃)**
- ၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆း၂၀ ၁၂။ လျှပ်တစ်ပြက်
- ၆း၄၀ ၁၃။ သံစဉ်လမ်းကလင်းလက်ကြယ်
- ၇း၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ကြယ်စင်ညီအစ်မများ (အပိုင်း-၂၄)**
- ၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ အမျိုးသားရေးတေးကဗျာ
- ၁၇။ နိုင်ငံတကာသတင်း
- ၁၈။ မိုးလေဝသသတင်း
- ၁၉။ Talk Of The Town
- ၂၀။ မေးမြန်းစူးစမ်း
- ၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အပြုံးပန်းလေးရဲ့ ဖန်ဆင်းရှင် (အပိုင်း-၂၄)**
- ၂၃။ Miniseries
- ၂၄။ သင့်အတွက်မနက်ဖြန်
- ၂၅။ အပိတ်နှုတ်ဆက်စကား
- ၂၆။ ပြီးပါပြီ။

❍ကျောဖုံးမှ

တောင်ပိုင်းနှင့် တမီလ်နာဒူကမ်းခြေ မြောက်ပိုင်းကြားမှ ကုန်းတွင်းသို့ ဖြတ်ကျော်မည်ဟု ခန့်မှန်းရသည်။

အဝါရောင်အဆင့်

ဆိုင်ကလုန်းမုန်တိုင်း 'ဂျယ်'၏ လက်ရှိအခြေအနေမှာ အဝါရောင်အဆင့်သာ ရှိပြီး မြန်မာနိုင်ငံဘက်ဆီသို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိဟု သတ်မှတ်သည်။

မိုးသက်လေပြင်း

မုန်တိုင်း၏အရှိန်ကြောင့် မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

ဥတုရာသီ တောကိုမှီ၏

တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်

နေပြည်တော်　နိုဝင်ဘာ　၇

ယနေ့နံနက် ၉ နာရီခွဲအချိန်ထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ရန်ကုန်တိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ **ညအပူအချိန်များမှာ** မွန်ပြည်နယ်တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၅ ဒီဂရီစင်တီဂရိတ်ထိ၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၇ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** နမ့်စန်မြို့၊ ဟဲဟိုးမြို့၊ လွိုင်လင်မြို့၊ မင်းတပ်မြို့နှင့် ဟားခါးမြို့တို့တွင် ၈ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ယနေ့မြန်မာစံတော်ချိန် ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသည့် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း 'ဂျယ်'(Jal) သည် အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့(Chennai)၏ အရှေ့တောင်ဘက် မိုင် ၁၂၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ ဆိုင်ကလုန်း မုန်တိုင်း 'ဂျယ်'(Jal) သည် အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားလျက် ယနေ့မွန်းတည့်မှ နောက် ၁၂ နာရီအတွင်း အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်ကမ်းခြေတောင်ပိုင်းသို့ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

နိုဝင်ဘာ ၈ ရက် ညနေထိခန့်မှန်းချက်။ ။ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

ကြည့်ရှုလေ့လာ

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံသံအမတ်ကြီး H.E.Mr. Dato' Mazlan Muhammad နှင့် သံတမန်များ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းမှ အသင်းဝင်သတင်းထောက်များ၊ ပြည်တွင်း ဂျာနယ်၊ မဂ္ဂဇင်းများမှ သတင်းထောက်များ ပုသိမ်မြို့၌ မဲဆန္ဒရှင် ပြည်သူများ လွတ်လပ်ပျော်ရွှင်စွာ ဆန္ဒမဲပေးနေမှုကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံသံအမတ်ကြီး ဦးဆောင်သော သံတမန်များနှင့် သတင်းထောက်များ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပမှု ကြည့်ရှုလေ့လာ

နေပြည်တော် နိုဝင်ဘာ ၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် ၂၀၁၀ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ယနေ့ နံနက် ၆ နာရီမှ စတင်၍ နိုင်ငံတစ်ဝန်းရှိ သတ်မှတ်မဲဆန္ဒနယ် အသီးသီး၌ တစ်ပြိုင်တည်း ဖွင့်လှစ်ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မဲဆန္ဒရှင်ပြည်သူများသည် မဲရုံများသို့ သွားရောက်ကြပြီး လွှတ်တော်အသီးသီးအတွက် လွှတ်တော်ကိုယ်စားလှယ်များအား လွတ်လပ်ပျော်ရွှင်စွာ မိမိတို့စိတ်ကြိုက် မဲပေးရွေးချယ်ကြသည်။

ဧရာဝတီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်းနှင့် ဇနီး ဒေါ်ကြည်ကြည်ထွန်းတို့သည် နံနက် ၆ နာရီတွင် ပုသိမ်မြို့ အနောက်တောင်တိုင်းစစ်ဌာနချုပ် စခန်းရုံး အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းရှိ မဲရုံအမှတ်(၂)သို့ သွားရောက်ကြပြီး လွှတ်တော်အသီးသီးအတွက် လွှတ်တော်ကိုယ်စားလှယ်များအား ဆန္ဒမဲပေးရွေးချယ်ကြသည်။

ဆန္ဒမဲပေးရွေးချယ်

အလားတူ အနောက်တောင်တိုင်း စစ်ဌာနချုပ် ပုသိမ်တပ်နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများနှင့် မိသားစုဝင်များကလည်း ပုသိမ်တပ်နယ်အတွင်းရှိ သတ်မှတ်မဲဆန္ဒနယ် အသီးသီးမှ မဲရုံများသို့ သွားရောက်၍ လွှတ်တော်အသီးသီးအတွက် လွှတ်တော်ကိုယ်စားလှယ်များအား ဆန္ဒမဲပေးရွေးချယ်ကြသည်။

ဧရာဝတီတိုင်းဒေသကြီး အတွင်း ၂၀၁၀ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပမှုနှင့် မဲဆန္ဒရှင်ပြည်သူများ လွတ်လပ်ပျော်ရွှင်စွာ ဆန္ဒမဲပေးနေမှု၊ မဲရုံမှူးနှင့် တာဝန်ရှိသူများ၏ စနစ်တကျ မဲရေတွက်နေမှု၊ သတ်မှတ်ပုံစံဖြင့် မှတ်တမ်းတင်နေမှုတို့ကို ကြည့်ရှုလေ့လာရန် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး H.E. Mr. Dato' Mazlan Muhammad၊ အိန္ဒိယသမ္မတနိုင်ငံ သံရုံးမှ ကောင်စစ်ဝန် Ms. Sripriya Ranganathan နှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ သံရုံးမှ ဒုတိယအတွင်းဝန် Mr. Gopokson Tarulitua Situmorang တို့သည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် အမှတ်(၃)ရပ်ကွက် ပုသိမ်တက္ကသိုလ်ရှိ မဲရုံအမှတ်(၁)၊ အမှတ်(၃)ရပ်ကွက် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ မဲရုံအမှတ်(၅)၊ အမှတ်(၄)ရပ်ကွက် အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်းရှိ မဲရုံအမှတ်(၃)၊ အမှတ်(၄)ရပ်ကွက် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းရှိ မဲရုံအမှတ်(၂)၊ အမှတ်(၄) ရပ်ကွက် အမှတ်(၂၀)အခြေခံပညာမူလတန်းကျောင်းရှိ မဲရုံအမှတ်(၁)၊ ကန်ကြီးထောင့်မြို့နယ် တကုန်းကြီးကျေးရွာ ကန်ကြီးထောင့်မြို့ အခြေခံပညာအထက်တန်းကျောင်းခွဲရှိ မဲရုံအမှတ်(၁) နှင့် ကန်ကြီးထောင့်မြို့ အမှတ်(၁)ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်းရှိ မဲရုံ အမှတ်(၂)တို့သို့ သွားရောက်ကြပြီး မဲဆန္ဒရှင်ပြည်သူများ လွတ်လပ်ပျော်ရွှင်စွာ ဆန္ဒမဲပေးနေမှုနှင့် မဲရုံမှူးနှင့်တာဝန်ရှိသူများ၏ စနစ်တကျ မဲရေတွက်နေမှု၊ သတ်မှတ်ပုံစံဖြင့် မှတ်တမ်းတင်နေမှုတို့ကို ကြည့်ရှုလေ့လာကြသည်။

ကြည့်ရှုလေ့လာ

ထို့အတူ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းမှ အသင်းဝင် သတင်းထောက်များ၊ ပြည်တွင်း ဂျာနယ်၊ မဂ္ဂဇင်းများမှ စာတည်းအဖွဲ့ဝင်များနှင့် သတင်းထောက်များကလည်း မဲဆန္ဒရှင်ပြည်သူများ လွတ်လပ်ပျော်ရွှင်စွာ မိမိတို့စိတ်ကြိုက် မဲပေးရွေးချယ်နေမှုနှင့် မဲရုံမှူးများနှင့် တာဝန်ရှိသူများ၏ စနစ်တကျ မဲရေတွက်နေမှု၊ သတ်မှတ်ပုံစံဖြင့် မှတ်တမ်းတင်နေမှုတို့ကို ကြည့်ရှုလေ့လာကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံတမန်များနှင့် သတင်းထောက်များ ပဲခူးမြို့နယ်အတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပမှုများ ကြည့်ရှုလေ့လာ

နေပြည်တော် နိုဝင်ဘာ ၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် ၂၀၁၀ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ယနေ့နံနက် ၆ နာရီမှ စတင်၍ ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် သတ်မှတ်မဲဆန္ဒနယ်များရှိ မဲရုံများ၌ တစ်ပြိုင်တည်း ဖွင့်လှစ်ကျင်းပသည်။

ထိုသို့ကျင်းပရာတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ်ရှိ မဲရုံများ၌ မဲဆန္ဒရှင်ပြည်သူများက စနစ်တကျ ဆန္ဒမဲပေးမှုများနှင့် မဲရေတွက်မှုတို့ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ သံရုံးမှ သံရုံးယာယီတာဝန်ခံ Mrs. Fadzllyani Binti Haji Annuar၊ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ တတိယအတွင်းဝန် Mr. Md. Khaled၊ စင်ကာပူသမ္မတနိုင်ငံ သံရုံးမှ တွဲဖက်သံအရာရှိ Ms. Ling Pei-Shan နှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံသံရုံးမှ တတိယအတွင်းဝန် Mr. Djumara Supriyadi တို့သည် ပဲခူးတိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲ-အဖွဲ့ဝင် ဦးခင်မောင်၊ ပဲခူးခရိုင်ကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးစိုးသိန်း၊ ပဲခူးမြို့နယ် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးသောင်းဟန်တို့နှင့်အတူ နံနက်ပိုင်းမှ ညနေပိုင်းအထိ မြို့တွင်းကြီးရပ်ကွက် မဲရုံအမှတ်(၁)၊ ရှင်စောပုရပ်ကွက် မဲရုံအမှတ်(၁)၊ ဟသ်ာကုန်းရပ်ကွက် မဲရုံအမှတ်(၁)၊ လိပ်ပြာကန်ရပ်ကွက် မဲရုံအမှတ်(၂)နှင့် ဥသာ(၄) ရပ်ကွက် မဲရုံအမှတ်(၁)တို့သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ပဲခူးခရိုင်အတွင်း၌ မဲရုံ စုစုပေါင်း ၁၂၅၁ ရုံရှိပြီး မဲဆန္ဒရှင် စုစုပေါင်း ၁၀၅၇၆၅၆ ဦး ဖြစ်ကြောင်း သိရှိရသည်။

ပဲခူးမြို့နယ်အတွင်း ဆန္ဒမဲပေးမှုများ၊ မဲရေတွက်မှုများကို မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းမှ အသင်းဝင် သတင်းထောက်နှင့်ဂျာနယ်၊ မဂ္ဂဇင်းများမှ သတင်းထောက်များသည် ကြည့်ရှုလေ့လာ၍ သတင်းမှတ်တမ်းရယူကြသည်။

(သတင်းစဉ်)

စိတ်ဝင်တစား ဆန္ဒမဲပေး

ပဲခူးမြို့နယ် ရှင်စောပုရပ်ကွက် မဲရုံအမှတ်(၁)၌ မဲဆန္ဒရှင်ပြည်သူများ စိတ်ဝင်တစား ဆန္ဒမဲပေးကြစဉ်။

(သတင်းစဉ်)

လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ မြတ်ဆရာပူဇော်ကန်တော့ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၇

မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များ အပတ်စဉ် ၁၇၊ ၁၈၊ ၁၉ နှင့် ၂၀ တို့ပူးပေါင်း၍ ဆရာကြီး၊ ဆရာမကြီးများအား မြတ်ဆရာပူဇော်ကန်တော့ပွဲနှင့် အမှတ်တရတွေ့ဆုံပွဲကို ဒီဇင်ဘာ ၅ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် လမ်းမတော်မြို့နယ် ဝါးတန်းလမ်းရှိ Panda Hotel ၌ ကျင်းပမည်ဖြစ်ရာ အထက်ဖော်ပြပါ အပတ်စဉ်များမှ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအားလုံး တက်ရောက်ပါရန်နှင့် မြတ်ဆရာပူဇော်ပွဲအတွက် အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါက ဦးမောင်မောင်အောင် ဖုန်း-၀၉-၅၀၈၅၁၃၁၊ ၀၉-၉၉၂၂၅၇၂၊ ဦးရဲရင့်ဝင်း ဖုန်း-၀၉-၈၀၂၄၈၀၁၊ ဦးမိုးကျော် ဖုန်း-၀၉-၅၁၅၄၅၇၄၊ ၂၀၁၇၉၈၊ ၂၉၆၁၆၄၊ ဦးမျိုးမင်းထွေး ဖုန်း-၀၉-၅၀၂၀၃၄၉၊ ၂၄၅၆၇၁၊ ဦးနေလင်းအောင် ဖုန်း-၀၉-၅၀၆၉၇၄၁၊ ၀၉-၅၁၇၀၁၀၅ နှင့် ဦးကျော်ထွန်းအောင် ဖုန်း-၀၉-၅၀၈၁၃၄၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(ကြေးမုံ)

သန်လျင်မြို့ အထက(၁)မှ သက်ပြည့်အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား (၂၆)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲနှင့် တစ်နှစ်ပတ်လုံး ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ကျောင်းသားဟောင်း ဦးအောင်သန်းဦး-ဒေါ်အေးမြင့်၊ သား မောင်မျိုးခန့်ကိုကို (ဆေးတက္ကသိုလ်-၂) မိသားစုတို့က အလှူငွေကျပ်သိန်း၂၀ ကို အောက်တိုဘာ ၃၁ ရက်က ပူဇော်ပွဲကျင်းပရေး နာယက ဦးတင်ဝင်း၊ ဥက္ကဋ္ဌဒေါက်တာ ဦးဝင်း (ပါမောက္ခချုပ်-ငြိမ်း)နှင့် တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းစဉ်။

(၅၂၇)

လားရှိုးမြို့နယ် ဟိုပိတ်ကျေးရွာအုပ်စု အခြေခံပညာမူလတန်းလွန်ကျောင်းရှိ မဲဆန္ဒနယ်အမှတ်(၂) မဲရုံအမှတ်(၂)၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲလာပေးကြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီး ဦးဆောင်သော သံတမန်များနှင့် သတင်းထောက်များ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးနေမှုနှင့် မဲရေတွက်မှုတို့ကို ကြည့်ရှုလေ့လာ

နေပြည်တော် နိုဝင်ဘာ ၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် ၂၀၁၀ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ယနေ့ နံနက် ၆ နာရီမှ စတင်၍ နိုင်ငံတစ်ဝန်းရှိ သတ်မှတ်မဲဆန္ဒနယ်အသီးသီး၌ တစ်ပြိုင်တည်းကျင်းပရာ ရှမ်းပြည်နယ် (မြောက်ပိုင်း)အတွင်းရှိ မဲဆန္ဒရှင်ပြည်သူများသည် မဲရုံများသို့သွားရောက်ကြပြီး လွှတ်တော်အသီးသီးအတွက် လွှတ်တော်ကိုယ်စားလှယ်များအား လွတ်လပ်ပျော်ရွှင်စွာ မိမိတို့စိတ်ကြိုက် မဲပေးရွေးချယ်ကြသည်။

မဲဆန္ဒရှင်ပြည်သူများ လွတ်လပ်ပျော်ရွှင်စွာ ဆန္ဒမဲပေးနေမှု၊ မဲရုံမှူးနှင့် တာဝန်ရှိသူများ၏ စနစ်တကျ မဲရေတွက်နေမှု၊ သတ်မှတ်ပုံစံဖြင့် မှတ်တမ်းတင်နေမှုများကို ကြည့်ရှုလေ့လာရန် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီး H.E. Ms. Guna Laxmi Sharma၊ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ ကောင်စစ်ဝန် Mr. Kim Kwang Chol နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသံရုံးမှ ဒုတိယစစ်သံမှူး Maj Dao Van Duy တို့သည် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များဖြစ်ကြသော ဦးမြင့်ကိုကို၊ ဦးကျော်ထင်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် နံနက် ၈ နာရီမှစတင်၍ လားရှိုးမြို့နယ် အမှတ်(၅) အောင်မင်္ဂလာရပ်ကွက် အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်းရှိ မဲဆန္ဒနယ်အမှတ်(၁) မဲရုံအမှတ်(၅)၊ အမှတ်(၁၂) လားရှိုးကြီးရပ်ကွက် ယဉ်ကျေးမှုခန်းမရှိ မဲဆန္ဒနယ်အမှတ်(၂) မဲရုံအမှတ်(၅)၊ ဟိုပိတ်ကျေးရွာအုပ်စု အခြေခံပညာ မူလတန်းလွန်ကျောင်းရှိ မဲဆန္ဒနယ်အမှတ်(၂) မဲရုံအမှတ်(၁)၊ အမှတ်(၁၀) မြို့ဝန်ရပ်ကွက် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းရှိ မဲဆန္ဒနယ် အမှတ်(၂) မဲရုံအမှတ်(၂)နှင့် မယ်ဟန်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းရှိ မဲဆန္ဒနယ် အမှတ်(၁) မဲရုံအမှတ်(၁)တို့သို့ သွားရောက်ကြည့်ရှုလေ့လာကြပြီး တာဝန်ရှိသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

မဲဆန္ဒရှင်များ၏ လွတ်လပ်ပျော်ရွှင်စွာ ဆန္ဒမဲပေးနေမှုနှင့် သံတမန်များ၏ ကြည့်ရှုလေ့လာမှုများကို မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းမှ အသင်းဝင်သတင်းထောက်နှင့် ဂျာနယ်များမှ သတင်းထောက်များက သတင်း၊ ဓာတ်ပုံမှတ်တမ်းများ ရယူကြသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ခရိုင်ငါးခရိုင်၊ မြို့နယ်ပေါင်း ၁၉ မြို့နယ်၊ ရပ်ကွက်/ကျေးရွာပေါင်း ၈၃၉ ခု၊ မဲရုံပေါင်း ၁၂၆၈ ရုံရှိပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၁၀၆၀၈၀၇ ဦး ရှိသည်။

လားရှိုးမြို့နယ်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၊ ‘ဝ’အမျိုးသား စည်းလုံးညီညွတ်ရေးပါတီ၊ တအာင်း (ပလောင်) အမျိုးသားပါတီ၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ၊ ‘ဝ’ ဒီမိုကရက်တစ်ပါတီ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီတို့မှ လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးတို့ ပါဝင်ရွေးချယ်ခံကြကြောင်း သိရသည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီး H.E. Ms. Guna Laxmi Sharma နှင့် သံတမန်များ၊ သတင်းထောက်များ လားရှိုးမြို့ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းရှိ မဲရုံ၌ ကြည့်ရှုလေ့လာကြစဉ်။

(သတင်းစဉ်)

သံတမန်များနှင့် သတင်းထောက်များ မန္တလေးမြို့၌ ဆန္ဒမဲပေးမှုများ ကြည့်ရှုလေ့လာ

နေပြည်တော် နိုဝင်ဘာ ၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် ၂၀၁၀ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ယနေ့နံနက် ၆ နာရီမှစတင်၍ ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီး၌ ကျင်းပပြီး မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင်အတွင်းရှိ မဲရုံများ၌လည်း တစ်ပြိုင်တည်း ကျင်းပသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယား ဒီမိုကရက်တစ် သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr.Kim Sok Chol၊ မလေးရှားနိုင်ငံသံရုံးမှ ကောင်စစ်ဝန် Mr. Sanmugan Subramaniam၊ ရုရှားဖက်ဒရေးရှင်း နိုင်ငံသံရုံးမှ လက်ထောက်သံအရာရှိ Mr. Vsevolot V. Baghkeev တို့သည် မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင်အတွင်းရှိ မဲရုံများ၌ ကျင်းပသည့် ဆန္ဒမဲပေးမှုများကိုလည်းကောင်း၊ ဆန္ဒမဲရေတွက်မှုများကိုလည်းကောင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

မဲရုံများမဖွင့်လှစ်မီ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များသည် မဲဆန္ဒရှင်ပြည်သူများ၊ မြို့နယ်ကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ကိုယ်စားလှယ်များရှေ့၌ မဲပုံးများကို စစ်ဆေး၍ လုံခြုံအောင် ပိတ်ကြသည်။

နံနက် ၆ နာရီတွင် မဲရုံများ စတင်ဖွင့်လှစ်သည်နှင့် ဆန္ဒမဲပေးရန် စိတ်အားထက်သန်စွာ စောင့်ဆိုင်းနေကြသည့် မဲဆန္ဒရှင်ပြည်သူများက ဆန္ဒမဲများကို စတင်ပေးကြသည်။ မဲဆန္ဒရှင်ပြည်သူများ မြန်ဆန်လွယ်ကူစွာ မဲပေးနိုင်ရေးအတွက် မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ မဲစာရင်းစစ်ဆေးသူ၊ မဲလက်မှတ်ထုတ်ပေးသူတို့က စနစ်တကျ စီစဉ်ဆောင်ရွက်ပေးကြသည်။

မဲဆန္ဒရှင်များ၏ ဆန္ဒမဲပေးမှုများကို မန္တလေးတိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများနှင့် အဖွဲ့ခွဲအဖွဲ့ဝင်များက ကြီးကြပ်၍ လိုအပ်သည်များကို မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များနှင့် ညှိနှိုင်းဆောင်ရွက်ပေးကြသည်။

ကိုရီးယား ဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး ဦးဆောင်သော သံတမန်များသည် အောင်မြေသာစံမြို့နယ် အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းတို့ရှိ မဲရုံအမှတ်(၁)၊ချမ်းအေးသာစံမြို့နယ် ဆရာဝန်များအသင်းနှင့် အမှတ်(၁၆) အခြေခံပညာ အထက်တန်းကျောင်းတို့ရှိ မဲရုံအမှတ်(၂)၊ ပြည်ကြီးတံခွန်မြို့နယ် ကနောင်ခန်းမနှင့် ချမ်းမြသာစည်မြို့နယ် အမှတ်(၂၆) အခြေခံပညာ အထက်တန်းကျောင်းတို့ရှိ မဲရုံအမှတ်(၃)၊ ချမ်းအေးသာစံမြို့နယ် အမှတ်(၁၅) အခြေခံပညာ အထက်တန်းကျောင်းရှိ မဲရုံအမှတ်(၂)နှင့် အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်းရှိ မဲရုံအမှတ်(၃)တို့သို့ သွားရောက်ကြပြီး မဲဆန္ဒရှင်များ မိမိတို့ဆန္ဒအလျောက် အမျိုးသားရေး အသိရှိစွာဖြင့် ဆန္ဒမဲပေးနေမှုများကို ကြည့်ရှုလေ့လာကြသည်။

ထို့အတူ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းမှ အသင်းဝင်သတင်းထောက်များ၊ သတင်းစာနှင့် ဂျာနယ်များမှ စာတည်းများ၊ သတင်းထောက်များကလည်း ပြည်သူများ စိတ်ဝင်တစား ဆန္ဒမဲပေးနေမှုများကို မှတ်တမ်းတင် သတင်းရယူကြသည်။

ညနေ ၄ နာရီတွင် မဲရုံပိတ်ရန်ဖြစ်သော်လည်း မဲရုံပရဝဏ်အတွင်း ရောက်ရှိနေသည့် မဲဆန္ဒရှင်ပြည်သူများ ညနေ ၄ နာရီကျော်သည့်တိုင် မဲပေးနိုင်ရေးအတွက် မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များက စီစဉ်ဆောင်ရွက်ပေးကြသည်။

မဲရုံပိတ်ပြီးနောက် မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များသည် ဆန္ဒမဲများကို စနစ်တကျ ရေတွက်မှတ်တမ်းတင်ကြသည်။

မန္တလေးခရိုင်အတွင်း၌ မဲရုံပေါင်း ၆၅၃ ရုံ ဖွင့်လှစ်ထားပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်ပြည်သူ စုစုပေါင်း ၈၅၅၀၀ ကျော်တို့က လွှတ်တော်ကိုယ်စားလှယ်များအား ဆန္ဒမဲပေးရွေးချယ်ကြသည်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr.Kim Sok Chol နှင့် သံတမန်များ၊ သတင်းထောက်များ အောင်မြေသာစံမြို့နယ် အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်းရှိ မဲရုံ၌ မဲစာရင်းများ ကြည့်ရှုလေ့လာစဉ်။

(သတင်းစဉ်)

ပြည်မြို့၌ မဲဆန္ဒရှင်များ ဆန္ဒမဲပေးမှုကို ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး ဦးဆောင်သည့် သံတမန်များနှင့် သတင်းထောက်များ ကြည့်ရှုလေ့လာ

နေပြည်တော် နိုဝင်ဘာ ၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် ၂၀၁၀ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ယနေ့နံနက် ၆ နာရီမှစတင်၍ နိုင်ငံတစ်ဝန်းရှိ မဲဆန္ဒနယ်အသီးသီး၌ ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Maj- Gen Anup Kumar Chakma၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံရုံးမှ ပထမအတွင်းဝန် Mr. Tran Van Hoang၊ မလေးရှားနိုင်ငံသံရုံးမှ စစ်သံမှူး Col. Gan Seng Lock၊ စင်ကာပူသမ္မတနိုင်ငံ သံရုံးမှ သံမှူး Mr. Lim Lai Chai၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းမှ အသင်းဝင်သတင်းထောက်များနှင့် ပြည်တွင်း ဂျာနယ်၊ မဂ္ဂဇင်းများမှ သတင်းထောက်များသည် ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ပြည်ခရိုင် ပြည်မြို့နယ်အတွင်း၌ မဲဆန္ဒရှင်ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ဆန္ဒမဲပေးနေမှု၊ မဲဆန္ဒရှင်ပြည်သူများ အဆင်ပြေချောမွေ့စွာ ဆန္ဒမဲပေးနိုင်ရေးအတွက် စီမံဆောင်ရွက်ထားမှုများကို သွားရောက်ကြည့်ရှုလေ့လာကြသည်။

ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် သံတမန်များ၊ သတင်းထောက်များသည် ပဲခူးတိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များဖြစ်ကြသော ဒေါက်တာငွေစန်းနှင့် ဦးဘဝင်း၊ ပြည်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ကျော်ထွန်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် နံနက် ၈ နာရီ ၄၅ မိနစ်မှ စတင်၍ ပြည်မြို့နယ် ခေတ္တရာမြို့သစ်ရပ်ကွက် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း အားကစားခန်းမရှိ မဲရုံအမှတ် (၁)နှင့် ပတ္တမြားဆောင်ရှိ မဲရုံအမှတ် (၂)၊ ခေတ္တရာမြို့တော်ခန်းမရှိ မဲရုံအမှတ် (၉)၊ ဆံတော်ရပ်ကွက် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အောင်သော်ခန်းမရှိ မဲရုံအမှတ် (၁)၊ ရွှေကူရပ်ကွက် ပန်းဘဲတန်းအခြေခံပညာမူလတန်းကျောင်း သဇင်ဆောင်ရှိ မဲရုံအမှတ် (၁)တို့သို့ သွားရောက် ကြည့်ရှုလေ့လာကြသည်။

ထိုသို့ ကြည့်ရှုလေ့လာကြရာတွင် သံတမန်များက သိရှိလိုသည်များကို မေးမြန်းကြရာ ပဲခူးတိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Maj- Gen Anup Kumar Chakmaနှင့် သံတမန်များ၊ မြန်မာနိုင်ငံနိုင်ငံခြားသတင်းထောက်များအသင်းမှ အသင်းဝင်သတင်းထောက်များနှင့် ဂျာနယ်၊ မဂ္ဂဇင်းများမှ သတင်းထောက်များ ပြည်မြို့၌ မဲဆန္ဒရှင်ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ဆန္ဒမဲပေးနေမှုကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

သံတမန်များနှင့် သတင်းထောက်များ စစ်တွေမြို့နယ်၌ ကျင်းပသည့် ဆန္ဒမဲပေးမှုများကို ကြည့်ရှုလေ့လာ

နေပြည်တော် နိုဝင်ဘာ ၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် ၂၀၁၀ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ယနေ့နံနက် ၆ နာရီမှစတင်၍ ရခိုင်ပြည်နယ် စစ်တွေခရိုင် စစ်တွေမြို့နယ် မဲဆန္ဒနယ်အသီးသီးရှိ မဲရုံများ၌ ကျင်းပသည်။

ဆန္ဒမဲပေးမှုများကို ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Maria Hellen M. Barber၊ ထိုင်းနိုင်ငံ သံရုံးမှ သံမှူးကြီး Mr. Thanat Poonsawat၊ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံသံရုံးမှ ဒုတိယစစ်သံမှူး Lt. Col Feuangxay MILAKONG၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသတင်းထောက်များအသင်းမှ အသင်းဝင် သတင်းထောက်နှင့် ဂျာနယ်များမှ သတင်းထောက်များသည် နံနက်ပိုင်းတွင် စစ်တွေမြို့နယ် ပြည်တော်သာရပ်ကွက် အမှတ်(၁၅) အခြေခံပညာမူလတန်းကျောင်းရှိ မဲရုံအမှတ် (၂)နှင့် ကျေးပင်ကြီးရပ်ကွက် အမှတ်(၇) အခြေခံပညာအလယ်တန်းကျောင်းရှိ မဲရုံအမှတ် (၁)တို့၌ မဲဆန္ဒရှင် ပြည်သူများ၏ ဆန္ဒမဲပေးနေမှုများကို ကြည့်ရှုလေ့လာကြသည်။

သံတမန်များသည် နံနက် ၁၀ နာရီခွဲတွင် စစ်တွေမြို့ရှိ ရခိုင်ပြည်နယ်ကော်မရှင်အဖွဲ့ခွဲရုံး ဧည့်ခန်းမ၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် (ရခိုင်ပြည်နယ်တာဝန်ခံ) ဦးမောင်သာလှနှင့် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များအား တွေ့ဆုံကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ ဦးမောင်သာလှနှင့် အဖွဲ့ခွဲအဖွဲ့ဝင်များက ပြန်လည်ဖြေကြားကြသည်။

ယင်းနောက် သံတမန်များနှင့် သတင်းထောက်များသည် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ ရခိုင်ပြည်နယ်အတွင်းရှိ ခရိုင် လေးခရိုင်၊ မြို့နယ် ၁၇ မြို့နယ်မှ ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်များ စုဆောင်းရယူနေသည့် ကော်မရှင်အဖွဲ့ခွဲရုံးအဖွဲ့ဝင်များ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုလေ့လာကြသည်။

မွန်းလွဲပိုင်းတွင် သံတမန်များနှင့် သတင်းထောက်များသည် စစ်တွေမြို့နယ် အိုးတန်းရပ်ကွက် အမှတ်(၅) အခြေခံပညာမူလတန်းကျောင်းရှိ မဲရုံအမှတ်(၁)၊ မောလိပ်ရပ်ကွက် အမှတ်(၂) အခြေခံပညာ အလယ်တန်းကျောင်းရှိ မဲရုံအမှတ်(၁)၊ ဥဩဝတီရပ်ကွက် အခြေခံပညာမူလတန်းကျောင်းရှိ မဲရုံအမှတ်(၁)၊ အောင်မင်္ဂလာကျေးရွာ အခြေခံပညာမူလတန်းကျောင်းရှိ မဲရုံအမှတ်(၃)၊ မောင်နီပြင်ကျေးရွာအုပ်စု အခြေခံပညာမူလတန်းကျောင်းရှိ မဲရုံအမှတ်(၁)တို့သို့ သွားရောက်လှည့်လည်ကြည့်ရှုလေ့လာကြပြီး ဆန္ဒမဲရေတွက်နေမှုများကိုလည်း လေ့လာကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမောင်သာလှ၊ ရခိုင်ပြည်နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်မြနှင့် အဖွဲ့ခွဲအဖွဲ့ဝင်များက လိုက်လံရှင်းလင်းပြသကြသည်။

ရခိုင်ပြည်နယ် မြို့နယ် ၁၇ မြို့နယ်၌ မဲရုံပေါင်း ၂၈၂၄ ရုံရှိပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် ပြည်သူ ၁၇၆၉၀၀၀ ကျော်၊ စစ်တွေခရိုင်၌ မဲရုံပေါင်း ၁၂၆၇ ရုံရှိပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် ပြည်သူ ၈၆၃၀၀၀ ကျော်၊ စစ်တွေမြို့နယ်၌ မဲရုံပေါင်း ၁၃၉ ရုံရှိပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် ပြည်သူ ၁၄၆၀၀၀ ကျော်ရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Maria Hellen M. Barberနှင့် သံတမန်များ၊ သတင်းထောက်များ စစ်တွေမြို့နယ် ပြည်တော်သာရပ်ကွက် အမှတ်(၁၅) အခြေခံပညာမူလတန်းကျောင်းရှိ မဲရုံအမှတ်(၂)၌ ကြည့်ရှုလေ့လာကြစဉ်။

(သတင်းစဉ်)

ရှမ်းပြည်နယ် (အရှေ့ပိုင်း)၌ ၂၀၁၀ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ လွှတ်တော်အသီးသီးအတွက် လွှတ်တော်ကိုယ်စားလှယ်များအား လွတ်လပ်စွာ ဆန္ဒမဲပေးရွေးချယ်

နေပြည်တော် နိုဝင်ဘာ ၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် ၂၀၁၀ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ယနေ့ နံနက် ၆ နာရီမှ စတင်၍ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် သတ်မှတ်မဲဆန္ဒနယ် အသီးသီးရှိ မဲရုံများ၌ တစ်ပြိုင်တည်း ဖွင့်လှစ်ကျင်းပရာ မဲဆန္ဒရှင် တိုင်းရင်းသားပြည်သူများသည် မဲရုံများသို့ လာရောက်ကြပြီး လွှတ်တော်အသီးသီးအတွက် လွှတ်တော်ကိုယ်စားလှယ်များအား လွတ်လပ်စွာဖြင့် မိမိတို့ စိတ်ကြိုက် ဆန္ဒမဲပေးရွေးချယ်ကြသည်။

မဲရုံများ မဖွင့်လှစ်မီ မဲရုံမှူးနှင့် မဲရုံတာဝန်ကျများ၊ ရပ်ကွက်/ကျေးရွာ ကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ခွဲအဖွဲ့ဝင်များသည် မဲဆန္ဒရှင် တိုင်းရင်းသားပြည်သူများ၊ လွှတ်တော်ကိုယ်စားလှယ်များက ခန့်ထားသည့် ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၏ ရှေ့၌ မဲပုံးများကိုပြသကြပြီး သတ်မှတ်စားပွဲများပေါ်၌ ချထားကြသည်။

နံနက် ၆ နာရီတွင် မဲရုံများစတင်ဖွင့်လှစ်သည်နှင့် မဲဆန္ဒရှင် တိုင်းရင်းသားပြည်သူများက ဆန္ဒမဲများကို စတင်ပေးကြသည်။ မဲဆန္ဒရှင် တိုင်းရင်းသားပြည်သူများ မြန်ဆန်လွယ်ကူစွာ ဆန္ဒမဲပေးနိုင်ရေးအတွက် မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ မဲစာရင်း စစ်ဆေးသူ၊ မဲလက်မှတ် ထုတ်ပေးသူနှင့် တာဝန်ရှိသူများက စနစ်တကျ စီစဉ်ဆောင်ရွက်ပေးကြသည်။

မဲဆန္ဒရှင် တိုင်းရင်းသားပြည်သူများသည် ဆန္ဒမဲလက်မှတ်များ ထုတ်ယူရရှိပြီးနောက် လျှို့ဝှက်ဆန္ဒပြုခန်းများ၌ ဆန္ဒပြုကာ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဆန္ဒမဲပုံးများနှင့် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ် ဆန္ဒမဲပုံးများ၌ ဆန္ဒပြုမဲများကို ထည့်ကြသည်။

မကျန်းမာသူများ၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူ မဲဆန္ဒရှင်များ လာရောက်ဆန္ဒမဲပေးရာတွင် လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက အဆင်ပြေချောမွေ့စွာ ဆန္ဒမဲပေးနိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးကြသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံရုံးမှ သံအမတ်ကြီး H.E. Mr. Cho Byung-jae၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသံရုံးမှ တတိယအတွင်းဝန် Mrs. Nguyen Thi Thanh Thuy၊ ဂျပန်နိုင်ငံသံရုံးမှ Counsellor, Mr. Mitsuji Suzuka နှင့် မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းမှ အသင်းဝင် သတင်းထောက်များ၊ ပြည်တွင်းဂျာနယ်များမှ စာတည်းများ၊ သတင်းထောက်များသည် ကျိုင်းတုံမြို့နယ်အတွင်းရှိ အမှတ်(၃)ရပ်ကွက်၊ အမှတ်(၄) ရပ်ကွက်၊ နောင်တုန်ကျေးရွာအုပ်စု၊ မိုင်းဇင်းကျေးရွာအုပ်စုနှင့် ယန်းလောကျေးရွာအုပ်စုများရှိ မဲရုံများသို့ သွားရောက်၍ မဲဆန္ဒရှင် တိုင်းရင်းသားပြည်သူများ၏ စနစ်တကျ ဆန္ဒမဲပေးနေမှုကို ကြည့်ရှုလေ့လာကြပြီး မှတ်တမ်းတင် သတင်းရယူကြသည်။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် မဲရုံပေါင်း ၅၀၆ ရုံကို ဖွင့်လှစ်ထားပြီး မဲဆန္ဒရှင်တိုင်းရင်းသားပြည်သူ စုစုပေါင်း ၃၃၁၄၄၈ ဦးတို့ရှိသည်။

(သတင်းစဉ်)

စနစ်တကျ မဲပေး

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံရုံးမှ သံအမတ်ကြီး H.E. Mr. Cho Byung jaeနှင့်အဖွဲ့ ကျိုင်းတုံမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ စနစ်တကျ မဲပေးနေမှုကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

မဲရုံများ ကြည့်ရှုလေ့လာ

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Qazi Mohammand Khalilvllah နှင့် သံတမန်များ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းမှ အသင်းဝင်သတင်းထောက်များ၊ ဂျာနယ်၊ မဂ္ဂဇင်းများမှ သတင်းထောက်များ တောင်ကြီးမြို့ရှိ မဲရုံများ၌ ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံတမန်များ တောင်ကြီးမြို့၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပမှု ကြည့်ရှုလေ့လာ

နေပြည်တော် နိုဝင်ဘာ ၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် ၂၀၁၀ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ရှမ်းပြည်နယ် တောင်ကြီးခရိုင် တောင်ကြီးမြို့ရှိ မဲရုံများ၌ ယနေ့နံနက် ၆ နာရီမှ စတင်ကျင်းပသည်။

တောင်ကြီးမြို့ မဲဆန္ဒနယ်အသီးသီး၌ ကျင်းပသည့် ရွေးကောက်ပွဲများ၌ မဲဆန္ဒရှင်များက စနစ်တကျ လွတ်လပ်စွာ ဆန္ဒမဲပေးမှု၊ မဲရေတွက်မှုတို့ကို ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Qazi Mohammad Khalilvllah၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ ပထမအတွင်းဝန် Mrs. Li Xiaoyan၊ နီပေါနိုင်ငံ သံရုံးမှ သံအရာရှိ Mr. Krishna Kumar Subedi တို့သည် ရှမ်းပြည်နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးပွင့်၊ အတွင်းရေးမှူး ဦးမြင့်သန်း၊ အဖွဲ့ခွဲ အဖွဲ့ဝင် ဒေါ်မေမေနီ၊ တောင်ကြီးခရိုင် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်ဦးတို့နှင့်အတူ လှည့်လည်ကြည့်ရှု လေ့လာကြသည်။

ကြည့်ရှုလေ့လာ

ယင်းသို့ လှည့်လည်ကြည့်ရှုလေ့လာကြရာတွင် သစ်တောရပ်ကွက်ရှိ မဲရုံအမှတ်(၁)နှင့်(၂)၊ ကျောင်းကြီးစုရပ်ကွက်ရှိ မဲရုံအမှတ်(၁)၊ ချမ်းသာရပ်ကွက်ရှိ မဲရုံအမှတ်(၁)၊ စိန်ပန်းရပ်ကွက်ရှိ မဲရုံအမှတ်(၁)၊ ရတနာသီရိရပ်ကွက်ရှိ မဲရုံအမှတ်(၃)၊ လမ်းမတော်ရပ်ကွက်ရှိ မဲရုံအမှတ်(၁)၊ မြို့မရပ်ကွက်ရှိ မဲရုံအမှတ်(၁)၊ ရေအေးကွင်းရပ်ကွက်ရှိ မဲရုံအမှတ်(၂)၊ မင်္ဂလာဦးရပ်ကွက်ရှိ မဲရုံအမှတ်(၁)နှင့် ကန်ရှေ့ရပ်ကွက်ရှိ မဲရုံအမှတ်(၁)တို့သို့ သွားရောက်ကြပြီး ဆန္ဒမဲပေးမှုများကို လေ့လာကြကာ ညနေပိုင်းတွင် အဆိုပါ မဲရုံများ၌ မဲရေတွက်မှုများကိုပါ ကြည့်ရှုလေ့လာကြသည်။

ယင်းသို့ ဆန္ဒမဲပေးမှုများ၊ မဲရေတွက်မှုများကို မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းမှ အသင်းဝင်သတင်းထောက်နှင့် ဂျာနယ်၊ မဂ္ဂဇင်းများမှ သတင်းထောက်များကလည်း ကြည့်ရှုလေ့လာ၍ သတင်းမှတ်တမ်း ရယူကြသည်။ တောင်ကြီးခရိုင်၌ မဲရုံပေါင်း ၉၇၅ ရုံရှိပြီး မဲဆန္ဒပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပြည်သူ ၉၀၈၀၃၀ ကျော်ရှိကာ စနစ်တကျ လွတ်လပ်စွာ ဆန္ဒမဲပေးခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီးနှင့် သံတမန်များ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပမှုများကို ကြည့်ရှုလေ့လာ

နေပြည်တော် နိုဝင်ဘာ ၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် ၂၀၁၀ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ယနေ့ နံနက် ၆ နာရီမှ စတင်၍ ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီး၌ တစ်ပြိုင်တည်း ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ်ရှိ မဲဆန္ဒနယ်အသီးသီး၌လည်း ကျင်းပသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့ နာယက စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Robert Chua Hian Kong၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံရုံးမှ သံမှူးကြီး Mr. Totok Prianamto နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ လက်ထောက်စစ်သံမှူး Maj. Wu Jun တို့သည် တနင်္သာရီတိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးတင်အောင်ဝင်းနှင့် အဖွဲ့ခွဲ အဖွဲ့ဝင်များ လိုက်ပါလျက် မြိတ်မြို့နယ်အတွင်းရှိ မဲရုံများ၌ ကျင်းပသည့် ဆန္ဒမဲပေးမှုများနှင့် ဆန္ဒမဲရေတွက်မှုများကို လှည့်လည်ကြည့်ရှု လေ့လာကြသည်။

သံတမန်များသည် နံနက် ၆ နာရီတွင် မြိတ်မြို့နယ် ပုလဲရတနာခန်းမရှိ ဆိပ်ငယ်ရပ်ကွက် မဲရုံသို့ သွားရောက်၍ မဲရုံမှူးက မဲရုံဖွင့်လှစ်ကြောင်း ကြေညာမှု၊ မဲရုံလုံခြုံအောင်ဆောင်ရွက်ထားမှု၊ စိတ်အားထက်သန်စွာ စောင့်ဆိုင်းနေကြသည့် မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒမဲလက်မှတ်များ ထုတ်ယူနေမှု၊ မဲဆန္ဒရှင်ပြည်သူများ မြန်ဆန်လွယ်ကူစွာ ဆန္ဒမဲပေးနိုင်ရေးအတွက် စနစ်တကျ စီစဉ်ဆောင်ရွက်ပေးနေမှု၊ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲလက်မှတ်များကို ထုတ်ယူရရှိပြီးနောက် လျှို့ဝှက်ဆန္ဒပြုခန်းများ၌ ဆန္ဒပြုကာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဆန္ဒမဲပုံး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဆန္ဒမဲပုံး၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဆန္ဒမဲပုံးနှင့် တိုင်းဒေသကြီးလွှတ်တော်နှင့် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ် ဆန္ဒမဲပုံးများ၌ ဆန္ဒမဲများထည့်နေမှုတို့ကို ကြည့်ရှုလေ့လာကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Robert Chua Hian Kong နှင့် သံတမန်များ မြိတ်မြို့နယ် ပုလဲရတနာခန်းမရှိ ဆိပ်ငယ်ရပ်ကွက် မဲရုံ၌ ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ထို့နောက် သံတမန်များသည် မြိတ်မြို့နယ် ကံဖျားရပ်ကွက် မိုးလုံလေလုံအားကစားရုံရှိ မဲရုံအမှတ်(၁)နှင့် မဲရုံအမှတ်(၂)၊ မြစ်ငယ်ရပ်ကွက် ပညာ့ဗိမာန်ခန်းမရှိ မဲရုံ အမှတ်(၁)၊ ကန်ကြီးရပ်ကွက် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းရှိ မဲရုံအမှတ်(၃)နှင့် (ဘီ)လမ်းထောင့်ရှိ မဲရုံအမှတ်(၁)၊ ကျောက်ဖျာကျေးရွာ အမှတ်(၅၀) အခြေခံပညာမူလတန်းကျောင်းရှိ မဲရုံ အမှတ်(၂)၊ ရွှေဒူးကျေးရွာ အခြေခံပညာမူလတန်းကျောင်းရှိ မဲရုံအမှတ်(၈)၊ ရွှေပေးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ရှိ မဲရုံအမှတ်(၁၃)နှင့် မဲရုံ အမှတ်(၁၄)တို့သို့ သွားရောက်ကြည့်ရှု လေ့လာကြသည်။

ဆန္ဒမဲပေးမှုများကို မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းမှ အသင်းဝင် သတင်းထောက်နှင့် ဂျာနယ်များမှ သတင်းထောက်များကလည်း မှတ်တမ်းတင် သတင်းရယူကြသည်။

ညနေပိုင်းတွင် သံတမန်များသည် မြိတ်မြို့နယ် ပုလဲရတနာခန်းမရှိ ဆိပ်ငယ်ရပ်ကွက်မဲရုံသို့ သွားရောက်ကြပြီး မဲရုံပိတ်ချိန်တွင် မဲရုံမှူးနှင့် မဲရုံတာဝန်ကျများက တနင်္သာရီတိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းက ခန့်ထားသည့် ကိုယ်စားလှယ်များ၊ မဲဆန္ဒရှင်ပြည်သူများ၊ ရပ်ကွက်ကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ခွဲ အဖွဲ့ဝင်များ၏ ရှေ့၌ ဆန္ဒပြုမဲများနှင့် ပယ်မဲများ စနစ်တကျ စိစစ်ရေတွက်မှုကို ကြည့်ရှုလေ့လာကြသည်။

မဲဆန္ဒရှင်ပြည်သူများက ဆန္ဒမဲပေးရေးသည် အမျိုးသားရေးတာဝန်ဖြစ်သည်ဟု ခံယူချက်ဖြင့် မဲရုံများသို့ မဲရုံမဖွင့်မီကပင် ရောက်၍ တန်းစီနေရာယူထားကြသည်ကိုလည်း တွေ့ရှိရသည်။

နှစ်ပေါင်း(၂၀)အတွင်း ပထမဦးဆုံးအကြိမ် ဆန္ဒမဲပေးရွေးချယ်ပိုင်ခွင့်ရရှိလာသော အခွင့်အရေးနှင့် ဆန္ဒမဲပေးခွင့်တို့ကို နိုင်ငံသားတိုင်းက လက်လွှတ်မခံ အမျိုးသားရေး အခွင့်အလမ်းတို့ကို ပြည့်ပြည့်ဝဝ အသုံးချကာ မိမိကြိုက်နှစ်သက်ရာ ပါတီနှင့်ပုဂ္ဂိုလ်များအား လွတ်လွတ်လပ်လပ် ဆန္ဒမဲပေးရွေးချယ်ကြသည်။

တနင်္သာရီတိုင်းဒေသကြီးရှိ မဲဆန္ဒနယ် ၁၂ နယ်၌ မဲရုံပေါင်း ၁၀၃၀ ကို ဖွင့်လှစ်ထားပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်ပြည်သူ စုစုပေါင်း ခြောက်သိန်းကိုးသောင်းကျော်တို့က လွှတ်တော်ကိုယ်စားလှယ်များအား ဆန္ဒမဲပေး ရွေးချယ်ကြသည်။

မြိတ်မြို့နယ်အနေဖြင့် မဲဆန္ဒနယ်နှစ်နယ်၌ မဲရုံပေါင်း ၂၂၉ ရုံ ဖွင့်လှစ်ထားပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်ပြည်သူ စုစုပေါင်း ၁၄၉၄၀၀ ကျော်တို့က လွှတ်တော်ကိုယ်စားလှယ်များအား ဆန္ဒမဲပေး ရွေးချယ်ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အစ္စရေးနိုင်ငံသံအမတ်ကြီး H.E.Mr. Yaron Mayer နှင့် သံတမန်များ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းမှ အသင်းဝင်သတင်းထောက်များ၊ ပြည်တွင်းဂျာနယ်နှင့် မဂ္ဂဇင်းများမှ စာတည်းအဖွဲ့ဝင်များနှင့် သတင်းထောက်များ ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက် မဲရုံအမှတ်(၁)နှင့် မဲရုံအမှတ်(၂)တို့ကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီးရှိ မဲရုံများ၌ မဲဆန္ဒရှင်ပြည်သူများ စနစ်တကျ ဆန္ဒမဲပေးနေမှုနှင့် မဲရေတွက်မှုတို့ကို သံတမန်များ၊ သတင်းထောက်များ ကြည့်ရှုလေ့လာ

ရန်ကုန် နိုဝင်ဘာ ၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် ၂၀၁၀ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်များရှိ မဲရုံများ၌ မဲဆန္ဒရှင်ပြည်သူများက လွှတ်တော်အသီးသီးအတွက် လွှတ်တော်ကိုယ်စားလှယ်များအား စနစ်တကျ ဆန္ဒမဲပေးရွေးချယ်နေမှုနှင့် မဲရေတွက်မှုတို့ကို ရန်ကုန်မြို့ရှိ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အစ္စရေးနိုင်ငံသံအမတ်ကြီး H.E. Mr. Yaron Mayer ဦးဆောင်၍ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံရုံးမှ သံရုံးယာယီတာဝန်ခံ Mrs. Nirmala Indumathie Dias Paranavitana၊ ဘရာဇီးလ်ဖက်ဒရယ်သမ္မတနိုင်ငံသံရုံးမှ Deputy Chief of Mission , Mrs. Danlella Orlege de Paiva၊ အစ္စရေးနိုင်ငံသံရုံးမှ ဒုတိယအတွင်းဝန် Mr. Shimon Oz၊ စင်ကာပူသမ္မတနိုင်ငံ သံရုံးမှ ပထမအတွင်းဝန် Mr. Lee Yang Chew နှင့် အီဂျစ်အာရပ် သမ္မတနိုင်ငံ သံရုံးမှ သံမှူး Mr. Sherif Abde Laziz Ibrahim Hussein တို့ ပါဝင်သော သံတမန်အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် လှည့်လည်ကြည့်ရှုလေ့လာကြသည်။

သံတမန်များနှင့်အတူ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များ အသင်းမှ အသင်းဝင်သတင်းထောက်များ၊ ပြည်တွင်းဂျာနယ်နှင့် မဂ္ဂဇင်းများမှ စာတည်းအဖွဲ့ဝင်များနှင့် သတင်းထောက်များသည် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များဖြစ်ကြသော ဦးတင်ဌေး၊ ဦးအောင်သန်းမြင့်၊ ဦးမြင့်ဆွေနှင့် တာဝန် ရှိသူများလိုက်ပါလျက် နံနက် ၆ နာရီ မိနစ် ၄၀ တွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဗိုလ်တထောင်မြို့နယ် အမျိုးသားစီမံခန့်ခွဲရေးကောလိပ်ရှိ ဗိုလ်တထောင်မြို့နယ် အမှတ်(၄)ရပ်ကွက် မဲရုံအမှတ်(၁၈)သို့ သွားရောက်ကြပြီး မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပြားများ ထုတ်ယူနေမှု၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအား ရွေးချယ်ဆန္ဒမဲပေးနေမှု၊ မသန်စွမ်းသူများ၊ အသက်အရွယ်ကြီးရင့်သူများအား ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ ဖေးမကူညီမှုတို့ဖြင့် ဆန္ဒမဲပေးနေမှုတို့ကို ကြည့်ရှုလေ့လာကြသည်။

သွားရောက်ကြည့်ရှု

ထို့နောက် အစ္စရေးနိုင်ငံ သံအမတ်ကြီးနှင့် သံတမန်များ၊ သတင်းထောက်များသည် ဗိုလ်တထောင်မြို့နယ် အမှတ်(၄)ရပ်ကွက် မဲရုံအမှတ်(၁၆) YMCA ခန်းမရှိ ဗိုလ်တထောင်မြို့နယ် အမှတ်(၉)ရပ်ကွက် မဲရုံအမှတ်(၄၅)နှင့် YWCA ခန်းမရှိ ဗိုလ်တထောင်မြို့နယ် အမှတ်(၈)ရပ်ကွက် မဲရုံအမှတ်(၄၀)တို့သို့လည်းကောင်း၊ လသာမြို့နယ် (၁၈)လမ်းနှင့် အနော်ရထာလမ်းထောင့်ရှိ လသာမြို့နယ် အမှတ်(၂)ရပ်ကွက် မဲရုံအမှတ်(၁)၊ မဲရုံအမှတ်(၂)နှင့် မဲရုံအမှတ်(၃)၊ ဒဂုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ဦးဘလွင်ခန်းမရှိ ဒဂုံမြို့နယ် ပြည်လမ်းအရှေ့ရပ်ကွက် မဲရုံအမှတ်(၁)၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးရှိ ဗဟန်းမြို့နယ် ငါးထပ်ကြီး အနောက်ရပ်ကွက် မဲရုံအမှတ်(၁)၊ ကြည့်မြင်တိုင်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက် မဲရုံအမှတ်(၁)နှင့် မဲရုံအမှတ်(၂)၊ လှိုင်မြို့နယ် လှိုင်မင်္ဂလာခန်းမရှိ လှိုင်မြို့နယ် အမှတ်(၁၂)ရပ်ကွက် မဲရုံအမှတ်(၁)တို့သို့လည်းကောင်း သွားရောက်ကြည့်ရှု လေ့လာကြပြီး ကော်မရှင်အဆင့်ဆင့်မှ တာဝန်ရှိသူများနှင့် မဲဆန္ဒရှင်ပြည်သူများအား သိလိုသည်များကို မေးမြန်းကြသည်။

သိလိုသည်များမေးမြန်း

မွန်းလွဲပိုင်းတွင် အင်းစိန်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက် မဲရုံအမှတ်(၁)နှင့် မင်္ဂလာဒုံမြို့နယ် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းရှိ မင်္ဂလာဒုံမြို့နယ် ဈေးရပ်ကွက် မဲရုံအမှတ်(၁)တို့သို့ သွားရောက်ကြည့်ရှုလေ့လာကြပြီး သိရှိလိုသည်များကို ရန်ကုန်တိုင်းဒေသကြီး မြို့နယ်၊ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များ၊ မဲရုံမှူးများ၊ မဲရုံအဖွဲ့ဝင်များနှင့် မဲဆန္ဒရှင်ပြည်သူများအား မေးမြန်းကြသည်။

ယင်းနောက် သံတမန်များနှင့် သတင်းထောက်များသည် ညနေ ၄ နာရီတွင် ဒဂုံမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ဦးဘလွင်ခန်းမရှိ ဒဂုံမြို့နယ် ပြည်လမ်းအရှေ့ရပ်ကွက် မဲရုံအမှတ်(၁)သို့ သွားရောက်ပြီး သတ်မှတ်ပုံစံများဖြင့် စနစ်တကျ မဲရေတွက်မှုများကို ကြည့်ရှုလေ့လာကြသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် ၂၀၁၀ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို နံနက် ၆ နာရီမှ စတင်၍ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီး၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ခရိုင်လေးခရိုင်အတွင်းရှိ မြို့နယ်များ၌လည်း တစ်ပြိုင်တည်း ကျင်းပသည်။

ရန်ကုန် အရှေ့ပိုင်းခရိုင်မြို့နယ်များရှိ မဲရုံများ၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးနေမှုတို့ကို ရန်ကုန်အရှေ့ပိုင်းခရိုင် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးခင်မောင်ကျော်နှင့်အဖွဲ့ခွဲအဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ကြည့်ရှုကြပြီး လိုအပ်သည်များကို ဆောင်ရွက်ပေးကြသည်။

ရန်ကုန်အရှေ့ပိုင်းခရိုင်တွင် မဲဆန္ဒနယ် (၁၄)နယ်ရှိပြီး မဲရုံပေါင်း ၂၁၂ ရုံဖွင့်လှစ်ထားသည်။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများတွင် ရခိုင်နှင့် ကရင်တိုင်းရင်းသားများ အပါအဝင် စုစုပေါင်း မဲဆန္ဒရှင် ပြည်သူ ၁၅၆၁၈၆၀ ကျော်က လွှတ်တော်များအတွက် ကိုယ်စားလှယ်များအား အသီးသီး ဆန္ဒမဲပေးရွေးချယ်ကြသည်။

လွတ်လပ်စွာဆန္ဒမဲပေး

အလားတူ ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်၊ ကျောက်တန်းမြို့နယ်နှင့် သုံးခွမြို့နယ် မဲဆန္ဒနယ်အသီးသီးရှိ မဲရုံများ၌ မဲဆန္ဒရှင်များက လွတ်လပ်စွာ ဆန္ဒမဲပေးကြသည်။

ရန်ကုန်တောင်ပိုင်းခရိုင်၌ မဲရုံပေါင်း ၁၇၆၀ ဖွင့်လှစ်ထားပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်ပြည်သူများက လွှတ်တော်ကိုယ်စားလှယ်များအား လွတ်လပ်စွာ ဆန္ဒမဲပေးရွေးချယ်ကြသည်။

ထို့အတူ ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်းရှိ မဲဆန္ဒနယ်များ၌လည်း ၂၀၁၀ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို သက်ဆိုင်ရာမဲရုံများ၌ နံနက် ၆ နာရီတွင် ကျင်းပရာ ရန်ကုန်မြောက်ပိုင်းခရိုင် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးအောင်ခိုင်နှင့် အဖွဲ့ခွဲအဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ကြည့်ရှုလေ့လာ၍ လိုအပ်သည်များကို ဆောင်ရွက်ပေးကြသည်။

ရန်ကုန် မြောက်ပိုင်းခရိုင်အတွင်း၌ မဲရုံပေါင်း ၁၃၆၇ ရုံ ဖွင့်လှစ်ထားပြီး မဲဆန္ဒရှင်ပြည်သူများက လွှတ်တော်အသီးသီးအတွက် လွှတ်တော်ကိုယ်စားလှယ်များအား လွတ်လပ်စွာဆန္ဒမဲပေးရွေးချယ်ကြသည်။

ရန်ကုန်အနောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်အသီးသီး၌လည်း ဆန္ဒမဲပေးပွဲများကို ကျင်းပရာ မဲဆန္ဒရှင် ပြည်သူများသည် နံနက် ၆ နာရီတွင် မဲရုံစတင်ဖွင့်လှစ်သည်နှင့် တစ်ပြိုင်နက် တက်တက်ကြွကြွ လာရောက်မဲပေးကြသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ဦးဘလွင်ခန်းမရှိ ဒဂုံမြို့နယ် ပြည်လမ်းအရှေ့ရပ်ကွက် မဲရုံအမှတ်(၁)၌ ဆန္ဒမဲလက်မှတ်များ စနစ်တကျ ရေတွက်နေမှုကို သံတမန်များ၊ သတင်းထောက်များ လေ့လာကြစဉ်။

(သတင်းစဉ်)

အခြေခံ ပန်းအလှပြုပြင်မှုသင်တန်းနှင့် အဆင့်မြင့်သင်တန်း ဖွင့်လှစ်မည်

ရန်ကုန် နိုဝင်ဘာ ၇

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းက ကြီးမှူးဖွင့်လှစ်မည့် အခြေခံပန်းအလှပြုပြင်မှုသင်တန်း(၄/၂၀၁၀)နှင့် အဆင့်မြင့်ပန်းအလှပြုပြင်မှုသင်တန်း (၂/၂၀၁၀)တို့ကို ယခုလအတွင်း ရန်ကုန်မြို့ပြည်သူ့ရင်ပြင်အတွင်းရှိ အသင်းရုံးခန်းမဆောင်၌ သင်တန်းသား၊ သင်တန်းသူ ၄၀ စီဖြင့် ဖွင့်လှစ်ရန် စီစဉ်ထားရာ တက်ရောက်လိုသူများသည် အသင်းရုံး ဖုန်း-၃၇၉၃၆၁ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

အခြေခံပန်းအလှပြုပြင်မှုသင်တန်းကို နိုဝင်ဘာ ၁၅ ရက်မှ ၂၂ ရက်အထိ မွန်းလွဲ ၁ နာရီမှ ၃ နာရီအတွင်း ဖွင့်လှစ်မည်ဖြစ်ရာ သင်တန်းကြေး ကျပ်တစ်သောင်း သတ်မှတ်ထားသည်။ အဆင့်မြင့် ပန်းအလှပြုပြင်မှုသင်တန်းကို အခြေခံသင်တန်းတက်ရောက်ပြီးသူများဖြင့် နိုဝင်ဘာ ၂၄ ရက်မှ ဒီဇင်ဘာ ၄ ရက်အထိ မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအတွင်း ဖွင့်လှစ်မည်ဖြစ်ရာ သင်တန်းကြေး ကျပ်နှစ်သောင်း သတ်မှတ်ထားသည်။ (၄၅)

SILTA
PRESCHOOL EDUCATION (Full time & Part time)
- Nursery (Age 2½ - 3)
- Pre-kg (Age 3-4)
- Kindergarten 1 (Age 4-5)
- Kindergarten 2 (Age 5-6)
PRIMARY EDUCATION (Part time)
- Primary 1 To Primary 6 (Age 6 - 12)
(Based on Singapore MOE Curriculum)
"We train our students to think and learn."
No. 220/222, Bokahtaung Pagoda Road, Pazundaung Township.
Tel. (01) 294297 Website: www.siltaedu.com

၁။ Steel Structure လုပ်ငန်းများအတွက်
- Welder - 5 ဦး(ကျား)
- Fitter - 5 ဦး(ကျား)
၂။ Composite နှင့် Cladding လုပ်ငန်းများအတွက်
- Aluminum ... - 5 ဦး(ကျား)
၃။ Curtain Wall လုပ်ငန်းများနှင့် Glass Partition လုပ်ငန်းများအတွက်
- ... - 5 ဦး(ကျား)

M.S.C
NETWORK ENGINEERING COURSE
SPECIAL DISCOUNT
11 November 2010
MON-FRI (8:00Am-11:00AM)
MCP/MCTS/MCSA/MCSE
MESSAGING PACKAGE
70-620, 70-290, 70-291, 70-284
70-293, 70-294, 70-298

ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၅ ဘီ၊ မြေကွက်အမှတ်(၄/၂-အေ)၊ ဧရိယာ(၀. ၁၈၃)ဧကရှိ (သီရိပုံချီ ဦးသန်းစိန် အမည်ပေါက်) မြေပိုင်မြေကွက်ကြီးအနက်မှ လမ်းနှင့်ကပ်လျက် မြောက်ဘက်အခြမ်းပိုင်းတွင်ရှိသော $(\frac{၄၃'}{၄၉'} \times \frac{၃၃'}{၃၅'})$ အကျယ်အဝန်းရှိ မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ ဗဟန်းမြို့နယ်၊ ကမ္ဘာအေးစေတီလမ်း၊ အမှတ်-၁၅၄/A ဟုခေါ်တွင်သော နေအိမ်အပါအဝင် ဆက်သွယ်အသုံးပြုခွင့်ရရှိထားသော ပစ္စည်းများ၏ အကျိုးခံစားခွင့်အရပ်ရပ်ကို အမွေဆက်ခံပိုင်ဆိုင်သော (၁)ဒေါ်လှရီ၊ (၂)ဒေါ်မေသက်မူ၊ (၃)ဒေါ်စိန်ကြည်၊ (၄)ဒေါ်ညွန့်ညွန့်အေး၊ (၅)ဦးသန်းဦး၊ (၆)ဒေါက်တာဆန်းဦးတို့ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ပထမအရစ်ငွေပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါမြေကွက်နှင့် နေအိမ်တို့ပေါ်တွင် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားများဖြင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါကြောင်းနှင့် ထိုရက်ကျော်လွန်ပါက ရောင်းသူများ၏ ပိုင်ဆိုင်ခွင့်စာချုပ်စာတမ်းဆောင်ရွက်မှုအပေါ် မူတည်၍ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးလိမ္မော်(LL.B)
တရားရုံးချုပ်ရှေ့နေ(၄၃၁၄)
အမှတ်(၄၆/ပထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၃၇၃၄၉၉

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ပခ/ ၄၆၃၁၀၊ Honda Dream 100 ယာဉ်လက်ဝယ်ရှိသူအမည်၊ ဒေါ်ဝင်းဝင်းအေး မှတ်ပုံတင်အမှတ် [၇/ညလပ(နိုင်)၁၀၈၇၆၇]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဦးစီးမှူးရုံး(ပဲခူး)**

ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်လမ်းအနောက်ရပ်ကွက် စံကားဝါလမ်းနေ ကွယ်လွန်သူဖခင် ဦးစိန်ချီ (ပုလောမြို့)အား ရည်စူး၍ ဦးကျင်ထွေး-ဒေါ်အုန်းကြင်၊ သား၊ သမီး၊ မြေးမြစ်သားစုတို့က ရေလှောင်ကန်သစ်ကြီးအတွက် ငွေကျပ်ငါးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးပွဲကို အောက်တိုဘာ ၃၀ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းစိုး ပဉ္စမတန်းတွင် ပညာရည်ချွန်ဆုရရှိသူ မမေသဇင်ဦးအား ဆုချီးမြှင့်စဉ်။ (ပညာရေး)

မြေယာရှင်း ပန်းအလှဆင်

မိုင်းကိုင် နိုဝင်ဘာ ၇

မိုင်းကိုင် စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများက မြို့အဝင်ဆိုင်းဘုတ် မွမ်းမံဆောင်ရွက်ခြင်း၊ မြေယာရှင်း ပန်းအလှပင်များ အလှဆင်စိုက်ပျိုးခြင်း၊ ဆိုင်းဘုတ်ဝန်းကျင် သန့်ရှင်းရေး ပြုလုပ်ခြင်းကို နိုဝင်ဘာ ၁ ရက်က အမှုဆောင်အရာရှိ ဦးမြတ်ကိုသန်း၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ (မြို့နယ်စည်ပင်)

ရန်ကုန်မြို့ (၉)မိုင် ဘောဂလမ်းနေ ဦးအောင်ဇေယျစိုး-ဒေါ်ဥမ္မာမြင့်တို့က မင်္ဂလာဦးအထိမ်းအမှတ် အလှူငွေကျပ် ငါးသိန်းကို အောက်တိုဘာ ၁၂ ရက်က လမ်းမတော်မြို့နယ် မြန်မာ့အလှတာဝါ(၂)ရှိ ရွှေမင်းသားဖောင်ဒေးရှင်းရုံးခန်းသို့ လာရောက် ပေးအပ်လှူဒါန်းရာ ဥက္ကဋ္ဌ ဦးမြတ်သူဝင်း လက်ခံရယူစဉ်။ (ကြေးမုံ)

မိုးစပါး စံကွက်ရိတ်သိမ်းပွဲ ကျင်းပ

ဟသ်ာတ နိုဝင်ဘာ ၇

ဟသ်ာတမြို့နယ် ၂၀၁၀-၂၀၁၁ မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို အောက်တိုဘာ ၂၅ ရက်က ကျောင်းကွင်းကျေးရွာအုပ်စု ကွင်း ၁၅၂၀ ဦးပိုင် ၁၁၀၊ တောင်သူ ဦးစိန်ဝင်း၏ လယ်၌ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး တိုင်းမြေစာရင်းဦးစီးမှူး ဦးအောင်တင်မြင့်၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းမန်နေဂျာ ဦးမြင့်သိန်း၊ ရေအရင်းအမြစ်ဦးစီးဌာန တိုင်းဦးစီးမှူး ဦးစံပေါ်၊ ဟသ်ာတခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဝေနှင့် ခရိုင်စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်နိုင်နှင့် မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။ **(ယာပုံ)**

အဆိုပါ စံကွက်ရိတ်သိမ်းပွဲ၌ ရွှေဝါထွန်းမျိုးသန့် ၆ ဒသမ ၅၁ ဧကစိုက်ပျိုးထားရှိရာ တစ်ဧက ပျမ်းမျှ ၁၀၀ ဒသမ ၂၃ တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။

ဟသ်ာတမြို့နယ်၌ မိုးစပါး ၁၂၉၀၇၁ ဧက စိုက်ပျိုးထားရှိရာ ယနေ့ထိ ၁၃၃၄ ဧကရိတ်သိမ်းခဲ့ပြီး အချိန်မီ အမိုးအကာအောက် ရောက်ရှိရေး ဆောင်ရွက်လျက်ရှိသည်။ (၁၈၆)

စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေဖြင့် တည်ဆောက်ခဲ့သည့် ကလေး-ရာဇဂြိုဟ်လမ်းပိုင်းရှိ နတ်မြောင်းချောင်း သစ်သားတံတား တည်ဆောက်ပြီးစီးမှုကို ကလေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဝင်းကြည်နှင့် အမှုဆောင်အရာရှိ (လက်ထောက်ညွှန်ကြားရေးမှူး) ဦးလင်းထွဋ်ရှိန်တို့ ကွင်းဆင်းကြည့်ရှုစဉ်။ (မြို့နယ်စည်ပင်)

အထက မင်းလှ ငွေရတုမြတ်ဆရာပူဇော်မည်

ရန်ကုန် နိုဝင်ဘာ ၇

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့ အစိုးရအထက်တန်းကျောင်း၏ (၂၅) နှစ်မြောက် ငွေရတုသဘင် မြတ်ဆရာပူဇော်ပွဲကို နိုဝင်ဘာ ၂၁ ရက် နံနက် ၈ နာရီတွင် မြို့တွင်းအထက သပြေခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ရန်ကုန်မြို့တွင် ဦးတင်အောင် ဖုန်း-၀၁-၅၂၆၇၃၅၊ ဒုတိယဗိုလ်မှူးကြီးမျိုးညွန့်(ငြိမ်း) ဖုန်း-၀၁-၅၀၅၇၁၂၊ ဦးမြင့်ဆွေ ဖုန်း-၀၁-၂၅၆၀၃၇၊ ဦးသန်းစိုး (ညွှန်မှူး-ငြိမ်း) ဖုန်း-၀၁-၅၁၈၂၅၄၊ ၀၁-၅၁၄၉၃၇၊ ဒေါက်တာသန်းအောင်စိုး ဖုန်း-၀၉-၅၀၂၅၈၅၂၊ ဒေါက်တာနေမင်းထွန်း ဖုန်း-၀၉-၅၁၆၀၉၃၁၊ ဒေါ်စန်းစန်းဝင်း၊ မနီလေး ဖုန်း-၀၁-၅၆၃၂၂၉၊ မင်းလှမြို့တွင် ဦးကြင်စိုး ဖုန်း-၀၅၃-၃၀၁၅၉၊ ဒေါက်တာသန်းလွင် ဖုန်း-၀၅၃-၃၀၀၉၇၊ ဦးသန်းစိုး (အထပြ-ငြိမ်း)ဖုန်း-၀၅၃-၃၀၅၃၅၊ ဒေါ်စမ်းမော်ချို ဖုန်း-၀၅၃-၃၀၆၁၆၊ ဒေါ်ခင်ဌေးချစ် ဖုန်း-၀၅၃-၃၀၄၅၀၊ ဒေါ်တင်နွဲ့ ဖုန်း-၀၅၃-၃၀၁၀၆၊ ဒေါ်တင်တင်အေး ဖုန်း-၀၅၃-၃၀၁၈၂၊ ဦးမြတ်ကို ဖုန်း-၀၅၃-၃၀၀၂၃၊ ဦးသောင်းရွှေ ဖုန်း-၀၅၃-၃၀၁၀၇ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

မူဆယ်မြို့တွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် လမ်းဘေး ဝဲ၊ ယာ ရှိ ရေမြောင်းဆယ်ယူမှုကို ဒု-ဦးစီးမှူး (သန့်) ဦးဘရန်ဆိုင်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

သန့်ရှင်းသောသောက်သုံးရေ ရရှိရေး ဆောင်ရွက်

မြင်းမူ နိုဝင်ဘာ ၇

မြင်းမူမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာ ရယူသုံးစွဲနိုင်ရေးနှင့် နွေရာသီတွင် သောက်သုံးရေပြတ်လပ်မှုမရှိစေရေးအတွက် မြို့နယ်အတွင်း ရေလိုအပ်ချက်ရှိသော ကျေးရွာများတွင် စက်ရေတွင်းများ တူးဖော်ပေးလျက်ရှိရာ တောချောင်းဦးကျေးရွာ၌ နှစ်လက်မစက်ရေတွင်း တစ်တွင်းကို အနက်ပေ ၄၅၀ တူးဖော်ခဲ့ရပြီး တစ်နာရီ လျှင်ရေဂါလန် ၁၃၀၀ ထွက်ရှိကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

အောက်တိုဘာ ၂၉ ရက်က သန်လျင်မြို့နယ် ကုလားဝဲကျေးရွာတွင် အငယ်တန်းအင်ဂျင်နီယာ (၂) ဦးမင်းဇော်ထွန်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးစိန်မောင်ဆင့်တို့ နှစ်လက်မစက်ရေတွင်း တူးဖော်ဆောင်ရွက်လျက်ရှိရာသို့ အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးနှင့် အင်ဂျင်နီယာမှူး ဦးမြင့်စိုးတို့ အနီးကပ်ကွင်းဆင်း ကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

- ☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

- ☆ VOA, BBC - ရန်တိုက်ပေးနေသည်။
- ☆ RFA, DVB - သွေးထိုးနေသည်။
- ☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အမည်စာရင်း ကြေညာ

နေပြည်တော်　　နိုဝင်ဘာ　　၇

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ်(၁၁၈/၂၀၁၀)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ်(၁၁၈/၂၀၁၀)
၁၃၇၂ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက်
(၂၀၁၀ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်)

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အမည်စာရင်း ကြေညာခြင်း

၂၀၁၀ပြည့်နှစ်၊ နိုဝင်ဘာလ ၇ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ မဲဆန္ဒနယ် တစ်နယ်တွင် ရွေးကောက်တင်မြှောက်ခံမည့် လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးတည်းသာ ရှိသဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲတို့က ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၄၁(က)နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ၎င်းတို့နှင့် ယှဉ်တွဲပါ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များ၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြောင်း ကြေညာလိုက်သည်-

စဉ်	အမည်	မှတ်ပုံတင်အမှတ်	မဲဆန္ဒနယ်	ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ
(၁)	ဦးသန်းဦး	၃/မဝတ(နိုင်)၀၀၀၉၄၂	မြဝတီ	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၂)	ဦးဆားမူ	၅/လဟန(နိုင်)၀၀၀၁၈၄	လဟယ်	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၃)	ဦးစိုးသိန်း	၁၂/ရကန(နိုင်)၀၂၅၄၇၄	ကျွန်းစု	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၄)	ဦးခွန်သိန်းဖေ	၁၃/တကန(နိုင်)၀၉၃၃၉၂	ဟိုပုန်း	ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်
(၅)	ဦးဝင်းကို	၁၃/တကန(နိုင်)၀၂၁၃၀၆	ဆီဆိုင်	ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်
(၆)	ဦးခွန်မောင်သောင်း	၁၃/ပလန(နိုင်)၀၀၂၅၆၁	ပင်လောင်း	ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်
(၇)	ဦးမောင်မောင်ဆွေ	၁၂/လကန(နိုင်)၀၃၅၇၈၃	နမ့်ဆန်	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၈)	ဦးအိုက်မုန်း	၁၃/နမတ(နိုင်)၀၃၁၃၁၅	မန်တုံ	တအာင်း(ပလောင်) အမျိုးသားပါတီ
(၉)	ဦးကျော်နီနိုင်	၁၃/လရန(နိုင်)၀၈၄၅၇၇	လောက်ကိုင်	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
(၁၀)	ဦးကျန်တယ်ဝင်(ခ) ဦးကျန်တဲဝမ်	၁၃/ခရဟ(နိုင်)၀၀၀၀၆၆	ကုန်းကြမ်း	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ

(ပုံ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ဘင်္ဂလားပင်လယ်အော်ရှိမုန်တိုင်း အားလျော့သွား အိန္ဒိယနိုင်ငံ ပင်လယ်ပြင်ကို ဗဟိုပြုနေ

နေပြည်တော်　　နိုဝင်ဘာ　　၇

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသည့် အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း 'ဂျယ်'(Jal)သည် ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ အားလျော့သွားခဲ့ပြီး အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့ (Chennai)၏ အရှေ့မြောက်ဘက် မိုင် ၅၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ဆိုင်ကလုန်းမုန်တိုင်း'ဂျယ်'(Jal)သည် အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားလျက် ယနေ့ညပိုင်းတွင် အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်ကမ်းခြေ စာမျက်နှာ ၆ ကော်လံ ၄ သို့